mgyoe.com
SAMPLE BOOK

# START-UP SUTRA

# စွန့်စားတီထွင် လုပ်ငန်းရှင်

မျိုးလွင် (MBA)



ROHIT PRASAD

mgyoe.com

THAR NGE

mgyoe.com SAMPLE BOOK

တကယ်လို့များ သင်က အိပ်မက်ကြီးကြီးမက်ရဲတယ်ဆိုရင်တော့
ဒီစာအုပ်က သင့်ဘဝကို ပြောင်းလဲသွားစေမှာ အသေအချာပါပဲ။

စီးပွားရေးလုပ်ငန်းခရီးကြမ်းကို ရဲရဲဝံ့ဝံ့ဖြတ်ကျော်ပြီး
ကနေ့ Eko ဆိုတဲ့ အိုင်တီကုမ္ပဏီကြီးကို တည်ထောင်ခဲ့ကြတဲ့
အဘီရှက်ခ်နဲ့ အဘီနက်ဗ်ဆိုတဲ့ လူနှစ်ယောက်ရဲ့ အဖြစ်မှန်ကတစ်ဆင့်
စွန့်စားတီထွင်လုပ်ငန်းရှင်ဆိုတဲ့ အနှစ်သာရဟာ စိတ်ထက်သန်ပြင်းပြမှုအတိုင်း
ရှင်သန်နေထိုင်သွားတာဖြစ်ပြီး လုပ်စရာလေးတစ်ခုသာဖြစ်တယ်၊
လုပ်ပြီးရင် စာရင်းကနေ ဖျက်လိုက်ဖို့ဆိုတာမျိုးမဟုတ်တဲ့အကြောင်း
တင်ပြထားပါတယ်။

တစ်နေ့တစ်မျိုး အမျိုးမျိုးဖြစ်ပျက်နေတဲ့ အကြောင်းတွေ၊
မြောင်းထဲရောက်သွားရတဲ့ဘဝကနေ ရုန်းထွက်ခဲ့ရပုံတွေ၊
ကိုယ်တွင်းက အနှောင့်အယှက်တွေ၊ ပြင်ပက ရန်အသွယ်သွယ်တွေအားလုံးကို
အောင်မြင်မှုခရီးလမ်းမှာ ကျော်ဖြတ်ရမှာ ဖြစ်ပါတယ်။

စိတ်ခွန်အားအများကြီးပေးတဲ့ ဒီအဖြစ်အပျက်မှာ
လုပ်ငန်းရှင်တိုင်းမှာရှိရမဲ့ အရည်အသွေး ၅ ခု ကို ဖော်ပြထားပါတယ်။

အဲဒါတွေက သတ္တိ၊ ဒူပေနာပေခံနိုင်မှု၊ တီထွင်ဆန်းသစ်မှုရှိတဲ့
အကောင်အထည်ဖော်နိုင်စွမ်း၊ ဓမ္မဓိဋ္ဌာန်ကျမှုနဲ့
စကြဝဠာကြီးရဲ့ရည်ရွယ်ချက်(သဘာဝနိယာမ)ကို ယုံကြည်မှုတို့ပဲ
ဖြစ်ပါတယ်။

ISBN ၉၇၈-၉၉၉၇၁-၄၆-၉၄-၆
9 789997 146946 >

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

စာမျက်နှာ – ၁၅၂
စာအုပ်ဆိုဒ် – အလျား ၁၄.၇ × အနံ ၂၁ စင်တီ။
စာအုပ်အမျိုးအစား – ဘာသာပြန်၊ သုတ
မျက်နှာဖုံးဒီဇိုင်း – ဇာလင်းထက်
စာတည်း – မင်းသန့်ကို (မြန်မာစာ)
အတွင်းအပြင်အဆင် – စောမာလာ
ISBN - 978 - 99971 - 46 - 94 - 6
ထုတ်ဝေခြင်း – ပထမအကြိမ်၊ ဇူလိုင်လ – ၂၀၂၄
အုပ်ရေ – ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက ထုတ်ဝေ၍ ဦးနိုင်ဦး၊ ငွေပြည့်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ–၁)၊ နေကြာလမ်း၊ ၂–ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

ဘာသာပြန်စာမူမူပိုင် – စာရေးသူနှင့် သားငယ်စာပေ

## တန်ဖိုး – ၆၅၀၀ ကျပ်

**သတိပေးခြင်း**

ဤစာအုပ်ထုတ်လုပ်ဖွဲ့စည်းမှုပုံစံသည် သားငယ်စာပေတိုက်၏ မူပိုင်ဖြစ်သည်။ စာအုပ်အညွှန်း၊ စာအုပ်ဝေဖန်ချက်ရေးခြင်းမှလွဲ၍ ယခုပုံစံအတိုင်း စာတစ်အုပ်လုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အခြားသော မည်သည့်ပုံစံသို့မျှ ပြုပြင်ပြောင်းလဲ သုံးစွဲခွင့်မပြု။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


စွန့်စားတီထွင်လုပ်ငန်းရှင်
ဘာသာပြန်သူအမှာ
စကားချီး

စကားဝိုင်းစပြီ ၁၁

**အဘီရှက်ခ်**

(စွန့်စားတီထွင်လုပ်ငန်းရှင်တစ်ဦး မွေးဖွားလာခြင်း) ၁၃

ပထမဆုံးအရည်အသွေး ၂၉

**မက်ခ်လာ**

(အမျိုးသမီးတစ်ဦး သွက်လက်လှုပ်ရှားလာ) ၃၃

ဒုတိယအရည်အသွေး ၄၅

**အဘီနက်ဗ်**

(ထင်ပေါ်ကျော်ဇောလာမှု) ၄၉

တတိယအရည်အသွေး ၆၇

ပညာပြခံသွားရခြင်း ၇၃

စတုတ္ထ အရည်အသွေး ၈၁

ဆက်လက်ရှင်သန်ခြင်း ၈၉

ပဉ္စမအရည်အသွေး ၁၀၉

မေလ ရက်သတ္တပတ် ၂ ပတ် ၁၁၅

မှူးဂျင် ၁၂၇

နောက်ဆုံးအရည်အသွေး ၁၄၅


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# စွန့်စားတီထွင်လုပ်ငန်းရှင်

ရှိဟာစ်ပရာဆက်က သူ့ကိုယ်သူ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်လို့ပဲ သဘောထားချင်ပါတယ်။ သူက အိန္ဒိယနိုင်ငံစီးပွားရေးရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ မူဝါဒကောင်းတွေဖြစ်ပေါ်လာစေဖို့အတွက် လုပ်ငန်းရှင်တစ်ယောက်ရဲ့ ပင်ကိုစရိုက်နဲ့ ပညာရပ်ပိုင်း ပေါင်းစပ်ရမယ်လို့ ယုံကြည်ထားပါတယ်။

သူ့ရဲ့ ဒီရည်မှန်းချက်ကြီး အကောင်အထည်ပေါ်ဖို့ ကြိုးစားခဲ့ရတဲ့ ကာလအတွင်း ရရှိလာတဲ့ ဒဏ်ရာဒဏ်ချက်တွေကို ယုယကုစားနိုင်ဖို့အတွက် စွန့်စားတီထွင်လိုစိတ်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေသာလုပ်တဲ့ စီမံကိန်းတွေကိုပဲ အားစိုက်ထုတ်ခဲ့ပါတယ်။ ဒီလို ဟိုစပ်စပ် ဒီစပ်စပ်လုပ်ရင်းကိုင်ရင်း ရှိဟာစ်က သူစာသင်နေတဲ့ အမ်ဒီအိုင်၊ ဂါဂါအွန် စီးပွားရေးတက္ကသိုလ်မှာ ကော်ဖီလာသောက်လေ့ရှိတဲ့ .စာအုပ်ထုတ်ဝေသူလုပ်ငန်းရှင်တစ်ယောက်နဲ့ ရုပ်ရှင်ဇာတ်လမ်းဆန်တဲ့ လုပ်ငန်းရှင်တစ်ယောက်တို့ကို အမှတ်မထင် တွေ့ဆုံခဲ့ပါတယ်။ ဒီစာအုပ်ရေးသားထုတ်ဝေဖို့ အဲဒီအချိန်၊ အဲဒီနေရာက မြစ်ဖျားခံတာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ဘာသာပြန်သူ့အမှာ

အိန္ဒိယမှာ ကနေ့ လူသိများတဲ့ 6d ဆော့ဖ်ဝဲလ်ကုမ္ပဏီနဲ့ Eko ငွေကြေး ဝန်ဆောင်မှုကုမ္ပဏီတွေကို နှစ်ပေါင်းများစွာ အခက်အခဲတွေကြားကနေ ကျားကုပ်ကျားခဲ ထူထောင်ခဲ့တဲ့ ညီအစ်ကိုနှစ်ယောက်ရဲ့ တကယ့်အဖြစ်အပျက်ကို စာရေးဆရာက တစ်မူ ထူးခြားစွာ တင်ဆက်ထားတဲ့ စာအုပ်ဖြစ်ပါတယ်။

ယနေ့ထိ သက်ရှိထင်ရှားရှိနေတဲ့ အဓိကဇာတ်ကောင်တွေက 'အဘိရှက်ခ်'နဲ့ သူ့ညီ 'အဘိနက်ဗ်'တို့ဖြစ်ပြီး အစ်ကိုရဲ့ ပါရမီဖြည့်ဖက်က 'မက်ခ်လာ'ဆိုတဲ့ သူဌေးသမီး ဖြစ်ပြီး စွန့်စားတီထွင်လိုစိတ်ပြင်းပြတဲ့ အဘိရှက်ခ်ရဲ့ဇနီးဘဝမှာ အခြေအနေအမျိုးမျိုး ကြုံတွေ့ရင်ဆိုင်ခဲ့ရသူပါ။

သူတို့တွေနဲ့ သူတို့ရဲ့လုပ်ငန်းတွေအကြောင်းကို စာရေးသူက 'မူးဂျင်'ဆိုတဲ့ မအောင်မြင်ပေမဲ့ ဉာဏ်အမြော်အမြင်ကြီးတဲ့ လုပ်ငန်းရှင်အနေနဲ့ တွေ့ဆုံ စကားဝိုင်းဖွဲ့ ပြောဆိုပုံစံမျိုး တင်ဆက်ထားတာ ဖြစ်ပါတယ်။

မူရင်းစာအုပ်က 'Start - up Sutra' ဖြစ်ပြီး စာရေးသူက အမ်ဒီအိုင်ဂါဂါအွန် စီးပွားရေးတက္ကသိုလ်က ပါမောက္ခ 'ရှိဟစ်ပရာဆတ်' ဖြစ်ပါတယ်။

ဒီစာအုပ်တစ်အုပ်လုံးမှာ ကိုရီးယားလူမျိုးဖြစ်တဲ့ မူးဂျင်က စွန့်စားတီထွင် လုပ်ငန်းရှင်ရဲ့ အရည်အသွေးတွေကို စိတ်ဝင်စားဖွယ်ပြောပြပေးထားပါတယ်။

သတ္တိရှိရမယ်၊ ဒဏ်ခံနိုင်ရမယ်၊ တီထွင်ကြံဆမှုရှိတဲ့ လုပ်ရည်ကိုင်ရည်ရှိရမယ်။ ဘယ်လိုက်မှုမရှိရဘူး၊ သဘာဝနိယာမတွေအပေါ် ယုံကြည်ရမယ်လို့ အကြံပြုထားပါတယ်။

နောက်ဆုံးကောက်ချက်မှာ ဆိုရှယ်လစ်စနစ်ဟာ ကျရှုံးခဲ့ပြီး၊ အရင်းရှင်စနစ် ဟာလဲ အခြေယိုင်နေပြီး ကွန်မြူနစ်စနစ်က အသက်မရှိတော့ပါဘူး။ အဲဒါအပြင် ဂန္ဓီဝါဒ ဟာလဲ ဓားစာခံဖြစ်သွားပြီလို့ ဆိုထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူထောက်ခံထားတာက စွန့်စွန့်စားစားနဲ့ တီထွင်စိတ်ရှိတဲ့ လုပ်ငန်းရှင် အလုပ်ကပဲ ပျော်ရွှင်ချမ်းမြေ့မှုနဲ့ ကြွယ်ဝချမ်းသာမှုကို ပေါင်းကူးပေးနိုင်မယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ဆွစ်ဇလန်ဆိုပြီး နာမည်ကြီးတဲ့ လူကုန်ထံအသိုင်းအဝိုင်းတွေ၊ အနောက်တိုင်းဆန်တာတွေ အပြည့်ရှိတဲ့ ဂိုအာ (Goa) မြို့အပါအဝင် နယူးဒေလီ၊ ဗုဒ္ဓဂါယာ၊ ဘန်ဂလော၊ ဟိုက်ဒရာဘတ်၊ ဂါဂါအွန် စတဲ့မြို့ကြီးတွေ နောက်ခံနဲ့ စာအုပ်ဖြစ်တော့ အိန္ဒိယရောက်ဖူးတဲ့ ပရိသတ်တွေအနေနဲ့ သွားလည်ချင်စိတ် ပြန်ပေါ်လာနိုင်ပါတယ်။ မရောက်ဖူးသေးတဲ့ပရိသတ်လဲ အဆင်ပြေတဲ့အချိန်မှာ သွားလည်ချင်စိတ်ဖြစ်နိုင်ပါတယ်။

စာရေးဆရာက အိန္ဒိယနွယ်ဖွားဖြစ်တော့ အသုံးအနှုန်းတွေက ခုံခုံညားညားရှိပါတယ်။ သတင်းစာတွေမှာသုံးတာတွေနဲ့ ကွာခြားလှပါတယ်။ ဖတ်ကောင်းပြီး ဗဟုသုတလဲ ရမယ်လို့ မျှော်လင့်မိပါတယ်။

ချစ်ခင်လေးစားလျက်

**မျိုးလွင် (MBA)**

mgyoe.com

mgyoe.com SAMPLE BOOK

## စကားချီး

ဒီစာအုပ်က မဖြစ်နိုင်လောက်တဲ့ အိပ်မက်တွေရှိနေတဲ့ လူငယ်တွေရဲ့ စိတ်ဝင်စားစရာ ဘဝအဖြစ်မှန်အကြောင်း ရေးထားတာဖြစ်ပါတယ်။ ကဗျာဆရာတစ်ယောက်ပြောတာကို ပြန်ပြောရမယ်ဆိုရင် 'စီးပွားရေးလုပ်ငန်းကပဲသိတဲ့ စွန့်စားတီထွင်လုပ်ငန်းရှင်အကြောင်းကို သူတို့သိထားတာတွေကတော့ ဒီလိုပါ'ဆိုပြီး ရေးထားတာဖြစ်ပါတယ်။

အထူးသဖြင့် အိန္ဒိယနိုင်ငံမှာဆိုရင် ကုမ္ပဏီကို စတင်ဦးစီးပြီးထူထောင်ခဲ့တဲ့နောက်ကွယ်ကလူတွေရဲ့ အဖြစ်အပျက်တွေကို ရေးတာ သိပ်ရှားပါတယ်။ ပိုရှားတာက သိပ်အောင်မြင်တဲ့လုပ်ငန်းရှင်မဟုတ်တဲ့ လုပ်ငန်းရှင်တွေရဲ့အကြောင်းနဲ့ အောင်မြင်မှုကြီးတွေ ရပေမဲ့လဲ ပြောင်းလဲမသွားတဲ့ လုပ်ငန်းရှင်တွေအကြောင်းတွေကို ရေးသားထားတာမျိုးတွေပါပဲ။

ကျွန်တော် ဒီစာအုပ်စရေးတော့ အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်ကြီးတွေရဲ့ အတ္ထုပ္ပတ္တိအကျဉ်း အပုဒ်တို ၅ ပုဒ်ရေးမယ်လို့ စဉ်းစားခဲ့ပါသေးတယ်။

အဘီရှက်ခ်၊ မက်ခ်လာနဲ့ အဘီနက်ဗ်တို့နဲ့ အပြန်အလှန်ဆက်သွယ်မိပြီး ပြောကြဆိုကြပြီးတဲ့နောက်မှာ စာအုပ်ရဲ့ရည်ရွယ်ချက်က လုံးလုံးလျားလျား ပြောင်းလဲသွားခဲ့ပါတယ်။ သူတို့ရဲ့အကြောင်းတွေကို ရိုးရိုးသားသား၊ ပွင့်ပွင့်လင်းလင်းပြောတာကို နားထောင်ရတာဟာ ကျွန်တော့်အတွက် သိပ်အကျိုးများစေသလို သူတို့အတွက်လဲ အကျိုးထူးခဲ့ပါတယ်။ သူတို့ရဲ့ဇာတ်လမ်းတွေအကြောင်း ပိုပြီးနက်နက်နဲနဲသိအောင် လုပ်ချင်စိတ်များလာခဲ့ပါတယ်။ တစ်ချိန်တည်းမှာလဲ သူတို့သင်ပေးလိုက်တဲ့ သင်ခန်းစာတွေကို စဉ်းစားဆင်ခြင်ဖို့စိတ် ပိုပြီးပေါ်ပေါက်လာခဲ့ပါတယ်။ စွန့်စားတီထွင်စိတ်ရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဟာ အားကျစရာ အခိုက်အတန့်လေးတစ်ခု ဒါမှမဟုတ် ရုတ်တရက် ဖျတ်ခနဲပေါ်လာတဲ့ ခဏတာလေးရဲ့ ပစ္စည်းတစ်ခုမဟုတ်ပါလားဆိုတာကို

mgyoe.com

mgyoe.com SAMPLE BOOK

သဘောပေါက်ခဲ့ပါတယ်။ ဆုံးရှုံးမှုနဲ့ အောင်မြင်မှု၊ ချို့တဲ့မှုနဲ့အခွင့်အရေး၊ စိတ်မလုံခြုံမှုနဲ့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေကို ညီညွတ်မျှတစွာနဲ့ ပုံဖော်ထားတဲ့ ကမာတစ်ကောင်ရဲ့ ပြီးပြည့်စုံမှုဟာ သူ့ရဲ့ဘဝမှာ ပထမဆုံး အသက်ရှူတာနဲ့စလိုက်ပါလားဆိုတာ နားလည်လာခဲ့ရပါတယ်။ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေရဲ့ အောင်မြင်မှုတွေဟာ မျှော်မှန်းချက်ပန်းတိုင်ကို မမြင်နိုင်ရပေမဲ့ အဲဒီနေရာကိုရောက်ရှိဖို့အတွက် ချစ်ခြင်းမေတ္တာရဲ့ မောင်းနှင်အားနဲ့ ဝိုင်းဝန်းဆောင်ရွက် အားထည့်ပေးကြတဲ့ မိသားစုဝင်တွေ၊ မိတ်ဆွေတွေအားလုံးကလဲ အတူတူပိုင်ဆိုင်ကြတယ်ဆိုတာ ကျွန်တော်နားလည်ခဲ့ပါတယ်။ အောင်မြင်မှုရတယ်လို့ အသိအမှတ်ပြုခံရတဲ့လူတွေလို တထေရာတည်း ရဲရင့်မှု၊ ထိုးထွင်းအသိတွေပြသနိုင်လောက်ပေမဲ့လဲ ပန်းပေါင်းများစွာဟာ မမြင်မတွေ့ရဘဲ ပွင့်သွားဖို့ဖြစ်လာရတယ်။ သူတို့ရဲ့ချိုမြိန်တဲ့အနံ့ဟာလဲ ပူလောင်တဲ့လေထုထဲမှာ အလဟဿဖြစ်သွားရတယ်ဆိုတဲ့ ရိုးရှင်းတဲ့အကြောင်းကြောင့် သူတို့ရဲ့အိပ်မက်တွေ မရလိုက်ရတဲ့လူတွေကို ချီးကျူးဂုဏ်ပြုဖို့လိုအပ်တယ်လို့ ခံစားရပါတယ်။

ဘာသာရေးလိုက်စားသူတစ်ယောက်ကနေ စွန့်စားတီထွင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဖြစ်လာတဲ့ မူးဂျင်ချန်းပြောတဲ့စကားလုံးတွေကတစ်ဆင့် စွန့်စားတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့ အရည်အသွေးတွေကို တရားမှတ်တာတွေ၊ ကျင့်စဉ်တွေရောယှက်နေတဲ့ လုပ်ငန်းရှင်တွေရဲ့ဘဝဇာတ်ကြောင်းတွေ စုစုစည်းစည်းတင်ပြဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

စွန့်စားတီထွင်လုပ်ငန်းရှင်တွေရဲ့အတွေ့အကြုံကို ဒီစာအုပ်ကတစ်ဆင့် ထုတ်ဖော်ပြသဖို့ ကြိုးစားထားပါတယ်။ အနှစ်သာရပြည့်ဝတဲ့ ဘဝတစ်ခုကို တမ်းတတဲ့ လူသားတိုင်းအပေါ် ပဲ့တင်စေမဲ့ အမှန်တရားတစ်ရပ်အဖြစ်လဲ ကျွန်တော် ယုံကြည်ထားပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

# စကားဝိုင်းစပြီ

ကျွန်တော်တက်ခဲ့တဲ့ ယောဂသင်တန်းက မိတ်ဆွေတစ်ယောက်ကတစ်ဆင့် 'မူးဂျင်'ကို လွန်ခဲ့တဲ့ ၂၃ နှစ်က စသိခဲ့ပါတယ်။ အဲဒီတုန်းက သူက အိန္ဒိယအမျိုးသားတွေ ဝတ်လေ့ရှိတဲ့ ရှပ်အင်္ကျီအရှည်ဝတ်ထားပြီး ပခုံးပေါ်မှာ ပုလွေတစ်ခု လွယ်ထားပါတယ်။ သူ့ရဲ့ပစ္စည်း အတိုအထွာလေးတွေအားလုံး ထည့်ထားတဲ့ အိတ်တစ်လုံးကိုလဲ သွားလေရာ သယ်သွားလေ့ရှိပါတယ်။

နောက် ၅ နှစ်တာကာလမှာ သူက အိန္ဒိယနိုင်ငံတစ်လွှား ရေမြေတောတောင် အနှံ့ ခရီးသွားနေပါတော့တယ်။ ကျွန်တော်ပြောလေ့ရှိတဲ့စကားကတော့ 'အိန္ဒိယနိုင်ငံပိုင်မြေ တစ်လက်မမကျန် မူးဂျင်ရောက်ဖူးပြီးပါပြီ'ပေါ့။ (တကယ်တော့ နည်းနည်းချဲ့ကားပြောလိုက်တာပါ)။ မူးဂျင်က တောင်ကိုရီးယားနိုင်ငံကပါ။ သူ့ရဲ့နက်နဲတဲ့ဉာဏ်အမြော်အမြင်၊ အင်္ဂလိပ်စကားပြောအဆက်အစပ်မရှိတာ ဖြစ်နေတာ၊ ရွှင်ရွှင်ပျပျရှိလှတဲ့အပြုံးနဲ့ အဓိပ္ပာယ်ရှိလှတဲ့ တိတ်ဆိတ်ငြိမ်သက်မှုတွေက တခြားလူတွေနဲ့ ကွဲပြားခြားနားနေပါတယ်။ အရှေ့တိုင်း ကိုယ်ခံပညာရပ်တွေနဲ့ပတ်သက်ပြီး ခါးပတ်နက်တွေကလဲ တသီကြီး ရထားပါသေးတယ်။

အခုတော့ ကျွန်တော်နဲ့ ပြန်ဆုံမိပါပြီ။ နှစ်ပေါင်း ၂၀ ကျော်ကြာဖြစ်ခဲ့ပါပြီ။ စနေနေ့ညတစ်ညပါ။ ကြယ်ငါးပွင့်ဟိုတယ်ကြီးရဲ့ဘားမှာ ကျွန်တော်တို့နှစ်ယောက် ထိုင်နေကြပါတယ်။ သူက ခေတ်မီအိန္ဒိယယောကျ်ားတွေ ဝတ်လေ့ရှိတဲ့ ရှပ်အင်္ကျီရှည်နဲ့ ဘောင်းဘီအပွဝတ်ထားပြီး ဝီစကီကို ဖြည်းဖြည်းချင်းသောက်နေပါတယ်။ ကျွန်တော်စာပြနေတဲ့ စီးပွားရေးတက္ကသိုလ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ စိတ်နေသဘောထားကို ပြန်လည်နိုးကြားလာစေဖို့ ကြိုးစားကြည့်ပေးရအောင် ကျွန်တော်က သူ့ကိုပြောပြနေတာဖြစ်ပါတယ်။ တက္ကသိုလ်ကျောင်းမှာက ကျောင်းသားတွေဟာ အခြေခံအားဖြင့် စွန့်စားတီထွင်လုပ်ငန်းရှင်

mgyoe.com

ပုံသေအတွေး (Mindset) မရှိတဲ့အကြောင်း၊ သူတို့က ချေးငွေတွေအများကြီး ပြန်ဆပ်ဖို့ ရှိနေတဲ့အကြောင်းနဲ့ သင်တန်းဝင်ခွင့်ဖြေဖို့တွေ ရှိနေတဲ့အကြောင်း ပြောပြခဲ့ပါတယ်။ သူတို့ရဲ့စိတ်ကူးတွေထဲမှာ စွန့်စားတီထွင်လုပ်ငန်းရှင်ဆိုတာ ဘယ်လိုရှိနိုင်မလဲ။ မူးဂျင်က မျက်နှာနီလာပါပြီ၊ ပထမဝီစကီတစ်ခွက်ဝင်ပြီးရင် ဒီလိုနီနေကျပါပဲ။ သူက 'အား. . . အား' ဆိုပြီး ခပ်ရှည်ရှည်ညည်းလိုက်ပါတယ်။ ဆိုလိုတာက သူ့ရဲ့ 'No hurry ၊ No worry' လိုမျိုး ဆောင်ပုဒ်ထက်တစ်ခုခုကို ပိုပြီးပြောဖို့ အရှိန်ယူလိုက်တာ ဖြစ်ပါတယ်။

အခု သူက အဖြစ်အပျက်တစ်ခု ပြောပြပါတော့မယ်လို့ ကျွန်တော်ထင်လိုက်ပါတယ်။ ဟုတ်ပါတယ်။ သူက ''ကျွန်တော် ဇာတ်လမ်းလေးတစ်ခု ပြောပြမယ်''လို့ အစချီပါတယ်။ သူ့အပြောတွေက ပိုပြီးစိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ခု ဖြစ်လာခဲ့ပါတယ်။

အဲဒါကြောင့်လဲ ဘားမှာ နောက်ထပ် ၃ နာရီလောက် ခုံပေါ် မြဲမြဲမြံမြံ ထိုင်နားထောင်နေမိပါတော့တယ်။ ကျွန်တော်က ရေနွေးကြမ်းတစ်ခွက်ပြီးတစ်ခွက် သောက်နေရင်း သူက လူ ၃ ယောက်နဲ့ 'Eko' လို့ခေါ်တဲ့ အိန္ဒိယဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီအကြောင်း ပြောနေပါတော့တယ်။

သူပြောပြတဲ့ဇာတ်လမ်းက ဒီလိုပါ။

❑



mgyoe.com

mgyoe.com SAMPLE BOOK

# အဘီရှက်ခ်

## စွန့်စားတီထွင်လုပ်ငန်းရှင်တစ်ဦး မွေးဖွားလာခြင်း

6d ဆိုတဲ့ ကုမ္ပဏီရဲ့စီအီးအို မစွတာအဘီရှက်ခ်စင်ဟာ ၂၀၀၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့က ဟိုက်ဒရာဘတ်မြို့ကနေ နယူးဒေလီမြို့ကို မနက်စောစောပိုင်း လေကြောင်းခရီးစဉ်တစ်ခုနဲ့ လေယာဉ်ပျံပေါ်တက်ခဲ့ပါတယ်။ အဲဒီအချိန်က သူ့ရဲ့စိတ်ထဲမှာ ချိန်းထားတဲ့ အစည်းအဝေးအကြောင်း စဉ်းစားမနေခဲ့ပါဘူး။ အဲဒီကနေ နောက်ပိုင်း လပေါင်းများစွာ သူက 'မက်ခ်လာ'ဆိုတဲ့ အမျိုးသမီးတစ်ယောက်နဲ့ပဲ တွေ့နေခဲ့ပါတယ်။ အဲဒီအမျိုးသမီးနဲ့ သူ့ရဲ့ဆက်ဆံရေးကို တစ်နည်းမဟုတ်တစ်နည်း ရှင်းရှင်းလင်းလင်းလုပ်ဖို့ လိုတယ်ဆိုတာ သဘောပေါက်ထားပါတယ်။ သူက အဲဒီနေ့မှာ နေ့လယ်စာစားဖို့ စီစဉ်ခဲ့ပါတယ်။

အဘီရှက်ခ်ရဲ့ မနက်ပိုင်းအလုပ်နဲ့ပတ်သက်တဲ့အစည်းအဝေးက စီစဉ်ထားတာထက် ပိုပြီးကြာသွားခဲ့ပါတယ်။ နောက်ဆုံး သူက မက်ခ်လာကို တစ်နာရီခွဲနောက်ကျပြီးမှ သွားခေါ်နိုင်ခဲ့ပါတယ်။ စီးပွားရေးလုပ်ငန်းကောင်းလှတဲ့ မြို့ဖြစ်တဲ့ ဂါဂါအွန်မှာရှိတဲ့ မက်ခ်လာရဲ့ ခမ်းနားတဲ့အိမ်ခန်းဆီကို လမ်းလျှောက်သွားတော့ သူ နောက်ကျလွန်းသွားတာကို အပြစ်ရှိတယ်လို့ ခံစားခဲ့ရပါတယ်။ ဒါပေမဲ့ ကံကောင်းထောက်မပြီး မက်ခ်လာက ဘာမှမပြောရှာပါဘူး။

သူတို့နှစ်ယောက်သား နယူးဒေလီမှာ ဈေးအကျဆုံး၊ နာမည်အကြီးဆုံး စားသောက်ဆိုင်တစ်ဆိုင်ဖြစ်တဲ့ မိုတီမဟာကို သွားခဲ့ပါတယ်။ မက်ခ်လာက သားသတ်လွတ်ဖြစ်တဲ့ အဘီရှက်ခ်မှာစားသလိုပဲ လိုက်မှာစားပါတယ်။ တကယ်တမ်းက မက်ခ်လာက ကြက်သားစားချင်တာပါ။ စိတ်ကူးစိတ်သန်းတွေအကြောင်း၊ အလုပ်အကိုင်တွေအကြောင်း ပြောကြပါတယ်။ 'ကမ္ဘာပေါ်က အတော်ဆုံးအရောင်းကိုယ်စားလှယ်' (The Greatest Salesman in the world) ဆိုတဲ့စာအုပ်တစ်အုပ်အကြောင်းကို အဘီရှက်ခ်က ချီးမွမ်းခန်းဖွင့်ပါတယ်။ စာရေးဆရာက 'အိုဂ်မန်ဒီနို'ပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

ခရစ်ယာန်ဘာသာမပေါ်ထွန်းခင်အချိန်ကအကြောင်း ရေးထားတဲ့စာအုပ်ကို ၁၉၆၈ ခုနှစ်မှာ ပထမဆုံးအကြိမ် ပုံနှိပ်ခဲ့ပါတယ်။ အဲဒီစာအုပ်ထဲမှာ ဒဏ္ဍာရီနဲ့ ဘာသာရေးကိုရောယှက်ထားပြီး ပေးလိုက်တဲ့မက်ဆေ့ချ်က သင်ဟာ အရောင်းကိုယ်စားလှယ် တစ်ယောက်ဖြစ်တဲ့အတွက် သင့်ကိုယ်သင် ယုံကြည်မှုရှိရမယ်၊ သင်လုပ်နေတဲ့ အလုပ်အပေါ်မှာ ယုံကြည်မှုရှိရမယ်ဆိုတာပဲဖြစ်ပါတယ်။ နေ့လယ်စာစားပြီးတော့ နှစ်ယောက်သား အဲဒီစာအုပ် ရှာပုံတော်ထွက်ပါတယ်။ ဗားဆင်ဗီဟာ ရှော့ပင်းစင်တာထဲမှာဖြစ်ပါတယ်။ အဲဒီမှာ မတွေ့တော့ Connaught Place ကိုသွားဖို့ အဘီရှက်ခ်က အကြံပေးပါတယ်။ အဲဒီမှာ စာအုပ်တွေ့ပြီး ဝယ်ဖြစ်ပါတယ်။ နောက်ပြီး ကော်ဖီဆိုင်ကိုသွား၊ နောက် အဘီရှက်ခ်က မက်ခ်လာကို အိမ်ပြန်ပို့ပေးဖို့ အစီအစဉ်လုပ်ကြပါတယ်။

ဒါက ကော်ဖီဆိုင်ကို ပုံမှန်သွားနေကျပါ။ အဲဒီဆိုင်မှာ စုံတွဲတစ်တွဲ ထိုင်နေပါတယ်။ တစ်ယောက်က သတင်းစာဖတ်နေပြီး နောက်တစ်ယောက်က ဝတ္ထုဖတ်နေပါတယ်။ လူတစ်ယောက်က လက်ပ်တော့ကွန်ပျူတာ သုံးနေပြီး ဘေးမှာ လာတေးကော်ဖီ တစ်ခွက်ချပြီး တမြုံ့မြုံ့သောက်နေပါတယ်။ ဆိုင်ရဲ့ထောင့်တစ်ထောင့်မှာတော့ ဂီတာကြီး တစ်လုံး ထောင်ထားပါတယ်။ နိုရာဂျုံးခ်ရဲ့ 'Come Away with Me' ဆိုတဲ့ သီချင်းသံကို ကြားနေရပါတယ်။ ဒါပေမဲ့ အဘီရှက်ခ်အနေနဲ့ကတော့ သူ့စိတ်ဟာ ပုံမှန်အနေအထားမှာ ရှိမနေပါဘူး။ လက်ချောင်းလေးတွေက စားပွဲခုံကိုခေါက်နေပါတယ်။ တစ်ခါတစ်ခါ လက်ကို ဆုပ်ထားလိုက်နဲ့ နေရာကနေ လွတ်ရာကိုထွက်ပြေးချင်သလို ဟိုကြည့် ဒီကြည့် လုပ်နေမိပါတယ်။ ပူပူနွေးနွေးဝယ်လာတဲ့ 'The Greatest Salesman in the World' စာအုပ်က သိပ်ပြီးမကူညီနိုင်ပါဘူး။ အဲဒီအချိန်ထိ မက်ခ်လာအတွက်က တစ်နေ့တာဟာ လှလှပပ၊ ချောချောမောမော ဖြစ်နေဆဲပါ။ ၂၀၀၂ ဒီဇင်ဘာလကတည်းက စပြီးတွေ့ခဲ့တဲ့ ဘီဟားပြည်နယ်က အရပ်ရှည်ရှည်၊ ရုပ်ရည်ရူပကာကောင်းတဲ့ အဘီရှက်ခ်ကို သူက စွဲမက်နေဆဲပါ။ အဘီရှက်ခ်က သူ့ရဲ့ကုမ္ပဏီအသစ်လေးအကြောင်း၊ မိုဘိုင်းအက်ပလီကေးရှင်းအကြောင်းကိုပဲ ပြောနေပါတော့တယ်။ တခြား ဘာအကြောင်းမှ မပြောပါဘူး။ မက်ခ်လာက အဲဒီအကြောင်း လုံးဝဗဟုသုတမရှိပါဘူး။ ဒါပေမဲ့ အဘီရှက်ခ်ရဲ့ စိတ်ပါဝင်စားမှုပြင်းပြတာ၊ သူ့အရူးအမူးဖြစ်တဲ့အပေါ်မှာ ဘာမှ အဓိပ္ပာယ်ဖွင့်စရာ၊ မရှင်းလင်းစရာ မရှိပါဘူး။ အခုတော့ အဘီရှက်ခ်က လည်ချောင်းရှင်းနေပါပြီ၊ နောက် ရှေ့ကိုတိုးလာပြီး–

mgyoe.com

mgyoe.com SAMPLE BOOK

''ငါ မင်းကို ပြောစရာတစ်ခုရှိတယ်။ ငါတို့ ဒီအတိုင်းဆက်သွားနေလို့ မရဘူး။ သူများအမြင်မှာ ငါတို့နှစ်ယောက် အဆင်ပြေနေပုံရပါတယ်။ ဒါပေမဲ့ ငါ ရှေ့ဆက်မသွားချင်တော့ဘူး''

မက်ခ်လာက ချက်ချင်းသဘောပေါက်လိုက်ပါတယ်။

''အိုကေ၊ ဘာဖြစ်လို့လဲ။ ရှင် နောက်တစ်ယောက်နဲ့ အဆက်အသွယ် ဖြစ်နေလို့လား။ အဲဒါကြောင့်ဆိုရင် ကျွန်မ နောက်ဆုတ်ပေးမယ်''

''နိုး နိုး မဟုတ်ဘူး။ နည်းနည်းတော့ ရှုပ်ထွေးတဲ့ကိစ္စတွေပါ။ ငါဆိုလိုချင်တာက ငါမသိဘူး။ ဒါပေမဲ့ ငါက ဆီးချိုဝေဒနာသည်တစ်ယောက်''

အဘီရှက်ခ်က သူ့ကျန်းမာရေးအခြေအနေကို အရဲစွန့်ပြောချလိုက်ပါတော့တယ်။ သူဟာ သတို့သားက သတို့သမီးလောင်းကို 'ယောက်ျားချင်းကိုပဲ စိတ်ဝင်စားပါတယ်' ဆိုတဲ့စကား ပြောချလိုက်တဲ့လေသံမျိုးနဲ့ ပြောလိုက်ပါတယ်။

မက်ခ်လာရဲ့ချက်ချင်းတုံ့ပြန်ချက်က စိတ်သက်သာရာရသွားတဲ့ပုံပါပဲ။ သူ့မိသားစု ဆွေမျိုးတွေထဲမှာလဲ ဆီးချိုသမားတွေရှိတော့ အခြေအနေတွေကို သူက နားလည်ထားပါတယ်။ အဘီရှက်ခ်က ကာကွယ်ပြောနေတာတွေကို မက်ခ်လာက နားထောင်ရလိမ့်မယ်လို့ ထင်မထားပါဘူး။

''မင်း နားမလည်ပါဘူး။ ငါတို့တွေ မိသားစုတစ်စုအနေနဲ့ ပေါင်းစည်းနိုင်ပါ့မလား မသိတော့ဘူး။ မင်း အင်တာနက်မှာကြည့်သင့်တယ်။ ဒါဆိုရင် ငါ ဘာတွေပြောနေတယ်ဆိုတာ မင်း သဘောပေါက်သွားလိမ့်မယ်''

အဘီရှက်ခ်က ပြောနေပါတယ်။

နှစ်ဖက်တင်းမာနေတာကို မဖြေရှင်းနိုင်ဘဲ အသီးသီး အိမ်ပြန်လာကြပါတယ်။ ခါတိုင်းဆိုရင် တစ်နေ့တာဟာ သာသာယာယာပြီးဆုံးသွားပေမဲ့ အဲဒီနေ့က အဖြစ်အတွက် မက်ခ်လာက တော်တော် ဝမ်းနည်းသွားခဲ့ပါတယ်။ အိမ်ရောက်တော့ ဆီးချိုအကြောင်းကို အင်တာနက်မှာ ရှာကြည့်လိုက်ပါတယ်။ လိုလို့ကြည့်တာမဟုတ်ပါဘူး၊ အဘီရှက်ခ်က ကြည့်ဖို့ လိုတယ်ပြောလို့ ကြည့်နေတာပါ။ မနက် ၂ နာရီမှာ သူက အင်တာနက်မှာ ရှာကြည့်ပြီးတဲ့ အကြောင်း အဘီရှက်ခ်ဆီကို မက်ဆေ့ချ်ရိုက်လိုက်ပါတယ်။ တကယ်လို့ အဘီရှက်ခ်ကသာ ဘဝခရီး အတူတူဆက်လျှောက်လှမ်းချင်တယ်ဆိုရင် မက်ခ်လာဘက်က သူ့အဖြေက 'Yes' ပါလို့ ပြောလိုက်ပါတယ်။ အဘီရှက်ခ်က ချက်ချင်းမက်ဆေ့ချ်


mgyoe.com

mgyoe.com
SAMPLE BOOK

ပြန်ရိုက်ပြီး 'ဖုန်းခေါ်လို့ရမလား'လို့ မေးလိုက်ပါတယ်။ အခြေအနေတွေဟာ ချက်ချင်းပြောင်းလဲ အဆင်ပြေသွားခဲ့ပါတယ်။ နှစ်ဦးသားအခြေအနေကို ပျော်ပျော်ရွှင်ရွှင် လက်ခံခဲ့ကြပါတယ်။ 6d ရဲ့စီအီးအိုလဲဖြစ်ပြီး အရောင်းသမားလဲဖြစ်တဲ့ အဘီရှက်ခ်ဟာ အောင်မြင်တဲ့ပွဲတစ်ပွဲကို နွှဲနိုင်ခဲ့ပါပြီ။

အိန္ဒိယမှာ အကြီးဆုံးအိုင်တီကုမ္ပဏီကြီး ၃ ခုထဲကတစ်ခုဖြစ်တဲ့ Satyam ကနေအလုပ်ထွက်ဖို့ စိတ်ဓာတ်ပြတ်သားပြီး ကိုယ်ပိုင်ကုမ္ပဏီတစ်ခုစထောင်ဖို့ ခိုင်မာတဲ့ဆုံးဖြတ်ချက်ချထားတဲ့ အသက် ၂၅ နှစ်အရွယ် လူငယ်တစ်ယောက်ဟာ ဆီးချိုဖြစ်နေတယ်ဆိုတဲ့အကြောင်းကြောင့် အမျိုးသမီးတစ်ယောက်က သူ့ကိုလက်ခံနိုင်ပါ့မလား ဆိုပြီး ဘာလို့ မသေချာမရေရာဖြစ်ရမှာတုံး။ 'The Greatest Salesman of the World' ဆိုတဲ့စာအုပ်ဟာ အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်တယ်လို့ သဘောထားဖို့ အရောင်းပညာအကြောင်း ကောင်းကောင်းသိတဲ့ အမှုဆောင်အရာရှိတစ်ယောက်အနေနဲ့ သူ့ရဲ့နှလုံးသားရေးရာမှာ အရေးအကြီးဆုံးကိစ္စနဲ့ပတ်သက်လာရင် ဘာကြောင့် နှေးကွေးနေစရာ အကြောင်းရှိမှာလဲ။ ရောဂါအခြေအနေကို ဓမ္မဓိဋ္ဌာန်ကျကျလေ့လာပြီး သူတို့ရဲ့ အိမ်ထောင်ရေးကို ထိခိုက်စေနိုင်မဲ့အလားအလာတွေကို လက်တွေ့ကျကျ စဉ်းစားဆုံးဖြတ်ရမဲ့အစား အားလုံးကို တစ်ခါတည်း ဘာလို့စွန့်လွှတ်ပစ်စိတ်ရှိရမှာလဲ။ ဒီမေးခွန်းတွေ အတွက် အဖြေတွေတွေ့ဖို့ မလွယ်လှပါဘူး။ ဒါပေမဲ့ အဘီရှက်ခ်စင်ဟာရဲ့ ပင်ကိုစရိုက်နဲ့ ပတ်သက်ပြီး အဓိကအချက်တစ်ချက်က ရှိနေပါတယ်။

+ + + + +

၁၉၉၅ ခုနှစ် ဆောင်းရာသီနေ့တစ်နေ့မှာ အဘီရှက်ခ်ရဲ့အဘိုး (ရှရီမိုဟန်ပရာ ဆက်စင်ဟာ) ရဲ့ အိပ်ခန်းထဲက ဖုန်းမြည်လာပါတယ်။ တစ်ယောက်ခွဲစာနေရာရှိတဲ့ အိပ်ခန်းပါ။ ပုံမှန်အားဖြင့် ဒီအဘိုးရဲ့အိပ်ခန်းမှာ လူ ၈ ယောက်၊ ၁၀ ယောက်လောက် ကျပ်ကျပ်တည်းတည်း ရှိနေကျပါ။ ဒါပေမဲ့ အဲဒီနေ့ကတော့ အဒေါ်ဖြစ်သူတစ်ယောက်ပဲ ရှိနေခဲ့ပါတယ်။ သူကလဲ နိုင်ငံခြားကလာလည်လို့ ရောက်နေတာပါ။ ဖုန်းက ဆက်တိုက်မြည်နေတော့ အဒေါ်ဖြစ်သူက ကောက်ကိုင်လိုက်ပါတယ်။ စိတ်လှုပ်ရှားတာပေါ်လွင်နေတဲ့ တစ်ဖက်ကအသံက –

"မဒမ် အဘီရှက်ခ်စင်ဟာရဲ့အိမ်ကပါလား။ အခုခေါ်နေတာက DPS RK Puram ကျောင်းကပါ။ မဒမ်၊ အဘီရှက်ခ်က ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာဘာသာရပ်


mgyoe.com

mgyoe.com SAMPLE BOOK

တွေမှာ ဘုတ်အဖွဲ့ရဲ့ အကြိုစာမေးပွဲမှာ ကျရှုံးပါတယ်။ ကျောင်းက တိုက်ရိုက်သတင်းပို့စေချင်လို့ အခုလိုပြောရတာ ဖြစ်ပါတယ်''

ဖုန်းက ဒါပါပဲ။ ဖုန်းဆက်သူက သတင်းကို ဘယ်သူ့ဆီပို့နေတယ်ဆိုတာ သိဖို့မကြိုးစားပါဘူး။ သနားစိတ်၊ စိတ်ဘယ်လိုထားရမယ်ဆိုတဲ့အဖြေတွေ မပါပါဘူး။ ကျောင်းသားတွေရဲ့အိမ်တွေကို ဘယ်ကျောင်းသား ဘယ်လိုအဖြေထွက်တယ်ဆိုတဲ့ သတင်းကို ဖြန့်ပေးနေရုံ သက်သက်ပါပဲ။

အဘီရှက်ခ်တို့မိသားစု ဈေးကပြန်လာပြီး ဒီသတင်းပြောပြတော့ အဘီရှက်ခ်ရဲ့ ကမ္ဘာ ပျက်သွားမယ်လို့ ထင်လိုက်ရပါတယ်။ သူမထင်ထားတဲ့အမှတ်တွေရခဲ့တဲ့အတွက် မဟုတ်ပါဘူး။ (ဒါမျိုးက အကြိမ်ပေါင်းမရေတွက်နိုင်တော့တာတွေ ဖြစ်ခဲ့ပြီးပါပြီ)။ အဓိကက ဒီသတင်းဟာ သူ့အဒေါ်ဆီကို ရောက်သွားလို့ပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် သူ့အဒေါ်ဆီကနေ တစ်ဆွေလုံးတစ်မျိုးလုံးဆီကို ပြန့်သွားတော့မှာ ဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ အဘီရှက်ခ်ရဲ့မိဘတွေက ရဲရင့်တဲ့မျက်နှာထားနဲ့ ''သားစိတ်မပူနဲ့''လို့ ပြောကြပါတယ်။ ဒါပေမဲ့ အဘီရှက်ခ် အဲဒီညက ထမင်းစားလို့မရခဲ့ပါဘူး။

အဘီရှက်ခ်အတွက် စာအုပ်တွေဟာ တော်တော်ခဲရာခက်ဆစ်နဲ့ တောက်လျှောက် စိတ်ပျက်စရာတွေ ဖြစ်ခဲ့ပါတယ်။ ပိုဆိုးတာက သူ့အဖေဟာ စံပြကျောင်းသားတစ်ယောက် ဖြစ်ခဲ့တဲ့အပြင် သူ့ရဲ့ဝမ်းကွဲတွေဟာလဲ ပညာထူးချွန်ကြတဲ့သူတွေချည်းပါပဲ။ ပညာရေးနဲ့ ပတ်သက်ပြီး ပုံပိုးမှုတွေကို သုံးလိုက်မယ်ဆိုရင် အစိုးရအလုပ်ပဲဖြစ်ဖြစ်၊ ပုဂ္ဂလိကအလုပ်ပဲ ဖြစ်ဖြစ် တစ်နေရာရာမှာတော့ လစာကောင်းကောင်း သေချာပေါက်ရမှာ ဖြစ်ပါတယ်။

ဘာသာရပ်တစ်ခုကို စိတ်ဝင်စားစရာကောင်းအောင် သင်ပြပေးနိုင်တဲ့ ဆရာကောင်းတစ်ယောက်ရှိခဲ့တုန်းက သူက စာသင်ရတာပျော်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့အတွက်က တောင်တက်ခရီးကြမ်းကို ရုန်းကန်ရတာမျိုးပဲဖြစ်ပြီး သူ မအောင်မြင်နိုင်ဘူးဆိုတာ တဖြည်းဖြည်းသဘောပေါက်ခဲ့ပါတယ်။ မိသားစုထဲမှာ ဘယ်အဆင့်အတန်းလဲ၊ သူငယ်ချင်းတွေကြားမှာ ဘယ်အဆင့်လဲ၊ ဘဝမှာ မျှော်လင့်ချက်တွေက ဘာတွေလဲဆိုတာတွေနဲ့ တိုင်းတာဆုံးဖြတ်ပေးနေတာဟာ ပညာရေးဖြစ်တယ်လို့ယူဆနေတဲ့ အသိုင်းအဝိုင်းမှာ အဘီရှက်ခ်ဟာ တသီးတသန့်နေလိုစိတ်က ပိုပြီးပြင်းပြလာပါတယ်။

ကျောင်းရဲ့ နောက်ဆုံးနေ့ကို အဘီရှက်ခ်ကမှတ်မိနေပါတယ်။ ''သူငယ်ချင်းတွေ အားလုံးဟာ အနာဂတ်အတွက် ပျော်ရွှင်မှုတွေ၊ အတိတ်က လွမ်းစရာတွေခံစားရင်း


mgyoe.com

mgyoe.com SAMPLE BOOK

ကော့တေးအရက်အရှိန် ရလာပါပြီ။ ဒါပေမဲ့ ဒီလိုပွဲမျိုးတွေက အဘီရှက်ခ်အတွက် ခံစားမှုဘာမှမရှိပါဘူး။ အတန်းဖော်တွေနဲ့ ချောကလက်ဖျော်ရည်ပူပူတစ်ခွက်သောက်ပြီး ဆုံကြတော့ အဓိကခံစားမှုက ကျွန်တော့်ရဲ့ဒုက္ခသုက္ခတွေ နောက်ဆုံးမှာ ပြီးဆုံးသွားပြီဆိုတဲ့ စိတ်သက်သာရာရမှုတစ်ခုပဲ ဖြစ်ပါတယ်။

ဗျူရိုကရေစီစနစ်ရဲ့ အထက်တန်းလွှာအစုဖြစ်တဲ့ အိန္ဒိယအုပ်ချုပ်ရေး အမှုထမ်း (Indian Administrative Service) မှာ အဘီရှက်ခ်အဖေရဲ့ ရာထူးအရှိန်အဝါက လူအများ သိပ်ဝင်ခွင့်ရချင်တဲ့ ကျောင်းတွေ၊ ကောလိပ်တွေမှာ တက်ခွင့်ရပါတယ်။ ဒါပေမဲ့ ကလေးဘဝတုန်းက စက်ဘီးကို ဘယ်သူ့အကူအညီတွေမှ မယူဘဲ စီးခဲ့တာကို မှတ်မိနေဆဲဖြစ်တဲ့ ဒီကောင်လေးက ဒီကိစ္စမှာ အကူအညီကို ရှာပါ့မလား။

+ + + + +

'Birla Institute of Technology' နည်းပညာတက္ကသိုလ်ကနေ သူမလိုချင်တဲ့ အီလက်ထရွန်းနစ်နဲ့ ဆက်သွယ်ရေးဘွဲ့ရပြီးနောက်ပိုင်း တာတာစတီးလ်ကုမ္ပဏီမှာ သူ့အရည်အချင်းနဲ့သူ အလုပ်ရခဲ့ပါတယ်။ အဲဒီကုမ္ပဏီဟာ တစ်ချိန်က အိန္ဒိယကုမ္ပဏီလောကမှာ နာမည်ကောင်းတဲ့ ကုမ္ပဏီကြီးတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အဘီရှက်ခ်အတွက်ကတော့ တာတာစတီးလ်ရှိတဲ့ Jamshedpur မြို့ဟာ တသီးတသန့်နဲ့ လူမနီး သူမနီး နေရာတစ်ခုပါပဲ။ တာတာစတီးလ်က ရွေးလိုက်တဲ့ ဝန်ထမ်းတွေကို အိမ်ရှေ့မင်းသားတွေလို သဘောထားကြပါတယ်။ ခရင်းကိုင်တဲ့ပုံစံ ၅ မျိုးတောင် အသေးစိတ်မတူ ထူးခြားတယ်ဆိုပြီး သင်ကြားပေးထားတာ ဖြစ်ပါတယ်။ ဒါပေမဲ့ အဘီရှက်ခ်က ဒါတွေကို စိတ်မဝင်စားပါဘူး။ အထူးသဖြင့် dot - com အိန္ဒိယမှာ နာမည်တစ်ဟုန်ထိုးဖြစ်ခဲ့တဲ့ Y2K ထောင်စုနှစ်ရဲ့အစပိုင်းမှာ ပိုပြီးစိတ်မဝင်စားပါဘူး။

အဲဒီနှစ်က လေဆိပ်တွေမှာ လက်ပ်တော့ ကွန်ပျူတာတွေ ကိုယ်စီကိုင်ဆောင်နေကြတဲ့ စီးပွားရေးလုပ်ငန်းရှင် ပြည့်ကျပ်နေပြီး လူတိုင်းဟာ dot - com ဒိုမိန်းနာမည်တစ်ခုစီ မှတ်ပုံတင်နေကြတဲ့အချိန် ဖြစ်ပါတယ်။ ဝင်ငွေ၊ ဈေးကွက်ဝေစု၊ ကုန်ပစ္စည်း အမှတ်တံဆိပ်တွေအပေါ် လူဘယ်နှယောက်ကြည့်တယ်၊ စိတ်ဝင်စားတယ်ဆိုတာက လွှမ်းမိုးခဲ့ပါတယ်။ ဒါက အမြတ်ငွေကြေးရရှိမှုဆိုတဲ့ အယူအဆမှာ ငွေအများကြီးရတဲ့ သက်မွေးဝမ်းကျောင်းအဖြစ် ပြောင်းလဲသွားခဲ့ပါတယ်။ ချက်ချင်းလက်ငင်း အောင်မြင်မှုရဖို့ ဘယ်အရာမဆိုရဲ့ ရှေ့မှာ၊ နောက်မှာ ဒါမှမဟုတ် ကြားမှာ သင်က 'i' ဒါမှမဟုတ်

mgyoe.com

mgyoe.com SAMPLE BOOK

'e' လေး ထပ်ဖြည့်ပေးဖို့ လိုအပ်တဲ့နှစ်ပဲ ဖြစ်ပါတယ်။ IPOs (Intellectual Property Officers) တွေ၊ မူပိုင်ခွင့်ရုံးတွေဟာ အမြဲလိုလို ပေါ်လာနေခဲ့ပြီး စတော့ဈေးကွက်ဟာလဲ အလျင်အမြန် အားကောင်းနေခဲ့ပါတယ်။ စတော့ဈေးကွက်မှာ ရှုံးသွားပုံရတဲ့လူတွေဟာ စတော့ (ကုန်ပစ္စည်း၊ ရောင်းရန်သိုလှောင်ထားတဲ့ပစ္စည်း) မရှိတဲ့လူတွေလောက်ပဲ ဖြစ်ပါတယ်။

အဘီရှက်ခ်စင်ဟာကတော့ အဲဒီနှစ်မှာ သေချာပေါက်ကို ရှုံးခဲ့ပါတယ်။ သူ့ဖခင်ဖြစ်သူက အစိုးရကပေးထားတဲ့ အခမဲ့အင်တာနက်လိုင်း ရထားပါတယ်။ အဲဒီအချိန်က အင်တာနက်ကဖေးဆိုင်တွေမှာ တစ်နေ့သုံးရင် ရူပီး ၈၀ ပေးရပါတယ် (မြန်မာငွေနဲ့ဆို ကျပ် ၂၀၀၀ လောက်ရှိပါတယ်)။ အဘီရှက်ခ်က အခမဲ့ရတာကို အပြည့်အဝ အသုံးချပြီး တစ်နေ့တစ်နေ့ ၈ နာရီ၊ ၁၀ နာရီသုံးပါတယ်။ သူက အင်တာနက်ကို တခြားဘာနဲ့မှ မတူဘဲ စိတ်ဝင်စားခဲ့ပါတယ်။ ဇီဝဗေဒဆရာမချောချောလေးဟာ အတန်းပြင်ထွက်လိုက်ပြီး ပန်းတွေ၊ အသီးအနှံတွေ လေ့လာရတဲ့ ရုက္ခဗေဒဘာသာကိုတောင် အင်တာနက်လောက် စိတ်မဝင်စားခဲ့ပါဘူး။ သူ့အမေလုပ်သူက ကလေးတွေအတွက် ကောလင်းစွယ်စုံကျမ်းကြီးကို ရူပီး ၁၆,၀၀၀ (ကျပ် ၄၁၆,၀၀၀/-) ပေးဝယ်ထားပါတယ်။ အဲဒီစာအုပ်ကို အရစ်ကျနဲ့ တစ်လ ရူပီး ၁၂၀၀ (ကျပ် ၃၁,၀၀၀/-) ပုံမှန်ပေးခဲ့ရပါတယ်။ ဒါပေမဲ့ အခုတော့ ကြော်ငြာတစ်ခုထဲမှာပြောသလို ကမ္ဘာကြီးတစ်ခုလုံးဟာ အခမဲ့ရတဲ့ ကလစ်လေး တစ်ချက်နှိပ်ရုံနဲ့ ရောက်နေပါပြီ။ (ဒီလိုပုံနှိပ်စာအုပ်ထူထူ စွယ်စုံကျမ်းလို သက်သောင့်သက်သာမရှိတဲ့ စာအုပ်ကြီးတင်မကပါဘူး)။

အပြာရုပ်ရှင်၊ စာအုပ်တွေ စိတ်ဝင်စားကြတဲ့သူတွေရှိပေမဲ့ မပြောစာလောက်ပါ။ တကယ်တမ်းများတာက နည်းပညာအသစ်အဆန်းတွေ၊ ဖူးသစ်စစီးပွားရေးလုပ်ငန်းလေးတွေ၊ ပေါ်တယ် (Portal) တွေ၊ ကုမ္ပဏီသစ်တွေ၊ ခေတ်သစ်မှာ ပေါ်ထွန်းလာတဲ့ ကမ္ဘာကြီးကို နေ့ချင်းညချင်း တိုးတက်ပြောင်းလဲပစ်နိုင်ပုံရတဲ့ စီးပွားရေးလုပ်ငန်းသစ် စတင်သူတွေနဲ့ပတ်သက်တဲ့ သတင်းတွေပဲ ဖြစ်ပါတယ်။

ဘဝဟာ ရတ်ချည်းဆိုသလို ဖြစ်နိုင်တဲ့ အလားအလာတွေနဲ့ ပြည့်နှက်သွားပါတယ်။ ယှဉ်ပြိုင်ရတဲ့အခါ အပြတ်အသတ် နောက်ကျကျန်ရစ်စရာမရှိတော့ပါဘူး။ နောက်ပြိုင်ပွဲဝင်နိုင်စွမ်း ရှိ မရှိ ဒွိဟဖြစ်စရာ မရှိတော့ပါဘူး။ ပုံသေကားချသင်ခန်းစာတွေ


mgyoe.com

မရှိတော့ပါဘူး။ သင့်ရဲ့စိတ်ကူးစိတ်သန်းတွေကို အင်တာနက်ဝန်ဆောင်မှုပေးတဲ့ကုမ္ပဏီက ပေးတဲ့ အမြန်နှုန်းမြင့် ဂျက်လေယာဉ်နဲ့ သင်က လိုရာသွားဖို့၊ စိတ်ဆန္ဒရှိဖို့ပဲ လိုအပ်ပါတယ်။

တာတာစတီးလ်ကုမ္ပဏီမှာ အလုပ်ဝင်ဖို့စောင့်နေတုန်း အဘီရှက်ခ်ဟာ ဝမ်းကွဲညီမတော်စပ်တဲ့ ရီတာ၊ ရီတာ့အမျိုးသားတို့နဲ့ ၃၊ ၄ ရက်လောက် အတူနေခဲ့ပါတယ်။ ရီတာနဲ့ သူ့ခင်ပွန်း ရှာဘိုဂျစ်ဟာ အဘီရှက်ခ်အထင်ကြီးတဲ့တစ်ဦးပါ။ ဘာကြောင့်လဲဆိုတော့ IIM Ahmedabad ဆိုတဲ့ နာမည်အကြီးဆုံး စီးပွားရေးတက္ကသိုလ်ဘွဲ့ရဖြစ်တဲ့အပြင် ပိုအရေးကြီးတာက အင်တာနက်ကိုလဲ သည်းကြီးမည်းကြီးသုံးတဲ့လူတစ်ယောက် ဖြစ်နေလို့ပါပဲ။ သူနဲ့စရိုက်တူတယ်လေ။ သူတို့ရဲ့ကိုယ်ပိုင် dot - com တစ်ခုစဖို့ သဘောတူဆုံးဖြတ်လိုက်ကြပါတယ်။ dot - com ရဲ့နာမည်က သမိုင်းမှာထူးခြားသွားစေခဲ့ပါတယ်။ bhoolnajaana .com ဖြစ်ပါတယ်။ အင်္ဂလိပ်ဆိုရင် 'forgetmenot.com' လို့ အဓိပ္ပာယ်ရပါတယ်။ ('ကျွန်တော့်ကိုမမေ့ပါနဲ့' ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်)။

''ဒီ dot - com အတွက် စိတ်ကူးပုံမှန် ပေါ်တယ် (Portal) တစ်ခုရဲ့ စဉ်းစားပုံ စဉ်းစားနည်းပါဝင်ပါတယ်။ အားလုံးကို အဲဒီထဲထည့်လိုက်၊ ပြီးရင် သတင်းပေးတဲ့ ဝန်ဆောင်မှုတစ်ခု ထပ်ဖြည့်စွက်လိုက်ပါ''လို့ အဘီရှက်ခ်က ရှင်းပြပါတယ်။

''ဒီပရောဂျက်အတွက် နာရီပေါင်းများစွာ ကြိုးစားပမ်းစား လုပ်ရပါတယ်။ တခြားလူတွေရဲ့အကူအညီလဲ ပါရပါတယ်။ ဟိုက်ဒရာဘတ်က ဝမ်းကွဲတစ်ယောက်၊ ကောလိပ်ကျောင်းက အတန်းကြီးသမားတစ်ဦး၊ သူ့ရဲ့ဆရာလဲ ပါပါတယ်''

ဒီပရောဂျက် စပြီး ၂ လ၊ ၃ လကြာတော့ စတည်ထောင်တဲ့လူဦးရေ ၇ ယောက်ဖြစ်လာပြီး သူတို့ဟာ ဟိုက်ဒရာဘတ်မှာ တွေ့ပြီး ဆွေးနွေးကြဖို့ ဆုံးဖြတ်ကြပါတယ်။ အများစုက ဟိုက်ဒရာဘတ်မှာ အလုပ်လုပ်နေကြပါတယ်။ တစ်ယောက်က မွန်ဘိုင်းကနေ တာဝန်နဲ့ရောက်လာပါတယ်။ အဘီရှက်ခ်က ဒေလီက လာခဲ့ပါတယ်။

'မိတ်ဆွေတစ်ယောက်ရဲ့ ပန်းချီဆွဲတဲ့အခန်းကျယ်ကြီးထဲမှာ အားလုံး စုဝေးရောက်ရှိလာကြပြီး မရပ်မနား မမောနိုင်မပမ်းနိုင်နဲ့ ကျွန်တော်တို့ရဲ့အစီအစဉ်တွေ ပြောကြဆိုကြ တခြားလုပ်ငန်းသစ်လေးတွေရဲ့ အောင်မြင်ဖြစ်ထွန်းတဲ့အကြောင်းတွေ အချင်းချင်းမျှဝေကြတာကိုကြည့်ရင်း ကျွန်တော်စဉ်းစားမိတာက ဒီပရောဂျက်ဖြစ်နေပြီ၊ တကယ့်ကို အလုပ်ဖြစ်နေပြီ ဆိုတာပဲဖြစ်ပါတယ်'။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကတော့ အဘီရှက်ခ်ရဲ့ တစ်ယောက်တည်းပျော်ရွှင်ချမ်းမြေ့မှုကလွဲပြီး တခြား ဘာမှထိထိရောက်ရောက် ဖြစ်မလာပါဘူး။ နောက်တော့ သူ့ရဲဦးလေးကို မျက်ရည် စက်လက်နဲ့ ပြောပြလိုက်တဲ့အခါမှာ ဘာဖြစ်သလဲဆိုတာ သူ့ဦးလေးက သဘောပေါက် သွားခဲ့ပါတယ်။

''အလုပ်မရှိတစ်ယောက်တည်းသမားက ဘယ်သူလဲ။ မင်းလေ၊ တခြားလူ တွေက တစ်နေ့ကို ၂ နာရီပဲ အချိန်ပေးနေကြတယ်။ တစ်ချိန်လုံး ဒီပရောဂျက်မှာ အချိန်ပေးနေတာက ဘယ်သူလဲ၊ ဒီ dot-com မှာ နေ့တိုင်းအချိန်ပေးနေတာက ဘယ်သူလဲ၊ မင်းလေ။ မင်းရဲ့ ဒီ dot-com ကို ပိုင်ဆိုင်မှုကသိပ်များတဲ့အတွက် မင်းဟာ ခံစားရတာမကောင်းဖြစ်တယ်၊ ငိုကြွေးနေရတယ်၊ တခြားလူတွေက ဘယ်လိုမှ ဒီလောက် မခံစားရဘူး''

ဒီ ပေါ်တယ် (Portal) က သမိုင်းဖြစ်သွားပါပြီ။ ဒါပေမဲ့ အဘီရှက်ခ်က စိတ်လှုပ်ရှားမှု၊ အလားအလာ၊ တီထွင်ကြံဆမှုက ယူဆောင်လာပေးခဲ့တဲ့ အက်ဒရီ နယ်လင်းဟော်မုန်း တစ်ဟုန်ထိုးထွက်လာမှု စတာတွေကို သူက ဘယ်တော့မှ မမေ့တော့ ပါဘူး။ လုပ်ငန်းရှင်ပိုးက သူ့ကို အသေအချာ ကိုက်လိုက်မိပါပြီ။ အဘီရှက်ခ်ဟာ ပုံမှန် အလုပ်တစ်ခုမှာ ဘယ်လိုမှ မပျော်မွေ့နိုင်တော့ပါဘူး။ သေချာပေါက်က Jamshedpur မြို့က တာတာစတီးလ်ကုမ္ပဏီလိုမျိုးမှာ လုံးဝမပျော်တော့ပါဘူး။

+ + + + +

''ထတော့၊ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်တဲ့ကောင်''

နယူးဒေလီမြို့တစ်နေရာက အရက်ဆိုင်မှာ မနက် ၁၁ နာရီအထိအိပ်နေတဲ့ မန်းနစ်ချန်ဒရာကို အပေါ်စီးက ပြောလိုက်ပါတယ်။ မန်းနစ်ချန်ဒရာက အင်ဂျင်နီယာ ဝန်ထမ်းစာမေးပွဲအတွက် ဒုတိယနေ့ညအတွက် ခေါင်းထဲ စာတွေပစ်ထည့်လိုက်ခဲ့ပြီး အခုလို အိပ်ပျော်နေတာပါ။ စိတ်ရှုပ်နေပုံရတဲ့ကောင်လေးတစ်ယောက်ဖြစ်တဲ့ မန်းနစ်က လဲပဲ တာတာစတီးလ်မှာ အလုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အဘီရှက်ခ်နဲ့မတူတာက ဗဟိုအစိုးရရဲ့ အိန္ဒိယအင်ဂျင်နီယာဌာနမှာ အလုပ်တစ်ခုရရှိရေးဆိုတဲ့ ပြင်းပြတဲ့ဆန္ဒကို လက်လွှတ် အရှုံးမပေးချင်ပါဘူး။

''မင်း ရမှာမဟုတ်ဘူး၊ ရဖို့နည်းလမ်းမရှိဘူး။ မင်းကိုငါသိတယ်၊ မင်းဦးနှောက်က ငါ့ဦးနှောက်လိုပဲ ကောင်းတယ်''


mgyoe.com

အဘိရှက်ခ်က လေသံမြင့်မြင့်နဲ့ ပြောလိုက်ပါတယ်။

"နောက်ပြီး ငါတို့ Jamshedpur ကို သွားရင် ငါတို့ လုံးဝပျောက်သွားမှာ။ ဘယ်တော့မှ ပြန်ပြီးမြင်ရဖို့ လမ်းရှိမှာမဟုတ်ဘူး။ မင်း အဲဒီလိုအဖြစ်မျိုးအတွက် အသင့်ဖြစ်နေပြီလား"

အဘိရှက်ခ်က မန်းနစ်ကို မေးလိုက်ပါတယ်။ အဘိရှက်ခ်ကတော့ ပျောက်သွားမဲ့အရိပ်အယောင်တောင် မပြပါဘူး။

"ငါတို့ ဘန်ဂလောကို သွားပြီး အိုင်တီအလုပ်တစ်ခုခု ရှာကြရအောင်။ ငါတို့ ရှာလန်ဒရာနဲ့ အနန်ရှီးလ်တို့နဲ့ အတူနေမယ်"

အဲဒီလိုနဲ့ အဘိရှက်ခ်နဲ့မန်းနစ်တို့ဟာ နေမကောင်းဘူးဆိုတဲ့အကြောင်းပြချက်နဲ့ တာတာစတီးလ်ကုမ္ပဏီကနေ ဘန်ဂလောကို ရထားစီးပြီးသွားခဲ့ပါတယ်။ အိုင်တီခေတ်ပြောင်းလဲရေးမှာ ဘန်ဂလောက အိန္ဒိယနိုင်ငံရဲ့ အချက်အချာကျတဲ့နေရာပါ။ သူငယ်ချင်းတွေရဲ့အိမ်စကြာလိုနေရာမျိုးမှာ ၂ လ၊ ၃ လလောက် အိပ်ပြီး မနက်ခင်းစာကိုလဲ ချွေတာစားသောက်၊ ဆိုင်ကယ်ငှားစီးပြီး သွားလာရင်း ကြိုးစားပမ်းစားအလုပ်ကတော့ Satyam ကွန်ပျူတာကုမ္ပဏီမှာ အမျိုးတစ်ယောက် ထောက်ခံပေးလို့ အလုပ်တစ်ခု ရရှိခဲ့ပါတယ်။

အဘိရှက်ခ်က ဟိုက်ဒရာဘတ်မြို့ရဲ့ရုံးမှာ တာဝန်ကျခဲ့ပါတယ်။ အိုင်တီလောက လုပ်ငန်းကိုဝင်တာ နောက်ကျနေပေမဲ့ ဘန်ဂလောကို ဟိုက်ဒရာဘက်က ပါဝင်ယှဉ်ပြိုင်ခွင့်ပေးထားပုံရပါတယ်။ ပြဿနာတစ်ခုတော့ ရှိပါတယ်။ သူရတဲ့အလုပ်က Programmer ပါ။ ဒါပေမဲ့ သူ့ဘဝကို ကယ်တင်ဖို့ကိုတော့ Program မချနိုင်ပါဘူး။ ကောလိပ်မှာ Circuits တွေနဲ့ပတ်သက်ပြီး ထူးချွန်တဲ့ အဘိရှက်ခ်က အဆင့်မြင့်ဗိသုကာဒီဇိုင်းတွေ ရေးဆွဲရေးမှာ ပါရဂူဖြစ်ပေမဲ့ Programmer တွေမှာ ဒီလိုအခွင့်အရေး မရှိပါ။ ကျေးဇူးတင်ရမှာက သူ့အထက်က ဝန်ထမ်းစီနီယာတစ်ယောက်က သူ့ကို workflow ဒီဇိုင်းတွေ ပေးဆွဲစေပါတယ်။ ရုံးရဲ့ခုံအဖွဲ့လူကြီးရာထူးမှာ အချိန်ကြာကြာတာဝန်ပေးခံရတာကလဲ အထောက်အကူဖြစ်စေပါတယ်။

နောက်ဆုံးမှာတော့ ဆော့ဝဲလ်စမ်းသပ်တဲ့အလုပ်မှာ နေရာချထားခံရပါတယ်။ Coding တော့ မလိုအပ်တဲ့အလုပ်မျိုးပါ။ အခုတော့ အဘိရှက်ခ်ဟာ ပရောဂျက်တွေ၊ အထက်အရာရှိအများအပြားတွေကြား အလှည့်ကျတာဝန်ပေးခံရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

Satyam ကုမ္ပဏီမှာ 'ယူပိတ်'လို့ခေါ်တဲ့ ဖောက်သည်တစ်ဦးရှိပါတယ်။ ရာဂျာ့စ်သန် ပြင်ပမှာသုံးလို့ရတဲ့ Hexacom တယ်လီကွန်းအော်ပရေတာမှာ ပစ္စည်းတစ်မျိုး တပ်ဆင်ပေးခဲ့တဲ့ ဖောက်သည်ပါ။ Jaipur ကိုသွားပြီး ယူပိတ်ရဲ့ပစ္စည်းကို တပ်ဆင်တာတွေ၊ စမ်းသပ်တာတွေ လုပ်ရတဲ့ အခွင့်အရေးတစ်ခုရှိပါတယ်။ အိန္ဒိယအိုင်တီ ပညာရှင်တွေဟာ ဗီဇာထုဖို့မလိုတဲ့အခွင့်အရေးကို ပုံမှန်အားဖြင့် အနှံခံနေလေ့ရှိပေမဲ့ အဘီရှက်ခ်ကတော့ ဟိုက်ဒရာဘတ်ကနေ ထွက်ဖို့အခွင့်အရေးကို ယူလိုက်ပါတယ်။ အဲဒီမှာ ရှင်သန်ဖို့က အခက်အခဲတစ်ခုပါ။

အဘီရှက်ခ်ဟာ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ဖြစ်တဲ့ အဘီလက်ရှ်နဲ့အတူ ထွက်လာခဲ့ပါတယ်။ အဘီလက်ရှ်က Godavari ရဲ့မြောက်ဘက်ကို မသွားဖူးပါဘူး။ သူ့ရဲ့ ငယ်ရွယ်စဉ် Jaipur မှာနေတဲ့အချိန်တွေမှာဆိုရင် တောင်ပိုင်းအိန္ဒိယနိုင်ငံသားတွေ အကြိုက် အစားအစာတွေရောင်းတဲ့ စားသောက်ဆိုင်ကောင်းတစ်ဆိုင်ဆိုင်ရှာပြီး စားဖို့ဆိုတာနဲ့ပဲ အချိန်ကုန်လေ့ရှိပါတယ်။ Jaipur မြို့ကဆိုင်တစ်ဆိုင်မှာဆိုရင် ရူပီး ၁၀၀ ပေးရတဲ့ တာလီ (Thali) ထမင်းဟင်း အစုံရပါတယ်။ ဈေးကြီးတော့ တစ်ခါတလေမှပဲ ဝယ်စားနိုင်ပါတယ်။ စိတ်သက်သာရာရစေတာက အင်ဒီးယန်းကော်ဖီဆိုင်မှာ အစ်ဒလီ (idli) မုန့် ရတာပဲဖြစ်ပါတယ်။ အိမ်မှာလုပ်တာလောက် မကောင်းပေမဲ့ တောင်ပိုင်းက အဓိကအစားအစာအစစ်ဖြစ်လို့ လူအများကြီး သိပ်မသိကြပါဘူး။

Satyam ကုမ္ပဏီအဖွဲ့က ကြက်သွန်ကြော်အနံ့ တစ်နေကုန်ရနေတဲ့ တည်းခိုခန်းမှာ တည်းနေကြပါတယ်။ ညနေတိုင်း အဘီရှက်ခ်နဲ့ အဘီလက်ရှ်တို့ဟာ ယူပိတ်က မန်နေဂျာ'ရာဂျစ်'ရဲ့ဟိုတယ်ခန်းထဲမှာ သွားနေလေ့ရှိပါတယ်။ ရာဂျစ်က ငွေကြေး ဖောဖောသီသီ သုံးနိုင်တဲ့အပြင် စိတ်ကောင်းစေတနာကောင်းလဲ ရှိပါတယ်။ အဘီလက်ရှ်က အင်္ဂလိပ်စာ မတောက်တစ်ခေါက်ပဲတတ်ပြီး ဟိန္ဒီစကား လုံးဝမရပါဘူး။ ဒါပေမဲ့ သူက ဘယ်ဘာသာစကားကိုမဆို ကျွမ်းကျွမ်းကျင်ကျင် Program လုပ်နိုင်ပါတယ်။

Satyam ကုမ္ပဏီဝန်ထမ်းတွေ Source Code ကို မထိမိအောင် ပိတ်ထားတဲ့ စည်းမျဉ်းတွေ (engagement rules) နဲ့ပတ်သက်ပြီး အဘီလက်ရှ်က ရာဂျစ်နဲ့ အဘီရှက်ခ်ကို ကောင်းကောင်း မကျေမနပ်ပြောပြပါတယ်။ ပြုပြင်ထိန်းသိမ်းမှု လုပ်ပေးဖို့ တောင်းဆိုလွှာတွေအားလုံးကို ဟိုက်ဒရာဘတ်ကို ပြန်ပို့ပေးရပါတယ်။


mgyoe.com

"အလုပ်တစ်ခုကို ကျွန်တော် ၁၅ မိနစ်နဲ့ ပြီးအောင်လုပ်နိုင်ပေမဲ့ သူတို့က ၃ လလောက်အချိန်ယူတယ်"လို့ အဘီလက်ရှ်က ပြောပါတယ်။

ဒါမျိုးက အဘီရှက်ခ်ရှာနေတဲ့ အခွင့်အလမ်းပဲ ဖြစ်ပါတယ်။

"ခင်ဗျား သိပ်ပြီး Program ကောင်းကောင်းမွန်မွန်လုပ်နိုင်တယ်ဆိုရင် ဒီမှာ ဘာလို့ အချိန်ဖြုန်းနေမှာလဲ။ ကျွန်တော်တို့ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခု စလိုက်ကြရအောင်"လို့ အဘီလက်ရှ်က ပြောပါတယ်။

Satyam ကုမ္ပဏီမှာ တာဝန်ကျနေတဲ့ အတောအတွင်းမှာ လုပ်ငန်းသစ်တစ်ခု စလုပ်ဖို့ အခွင့်အရေးတစ်ခုရတိုင်း သူ့လုပ်ဖော်ကိုင်ဖက်တွေကို တစ်ခုမကျန်ပြောပြခဲ့ပါတယ်။ အများစုက လက်မခံကြပါဘူး။ "ခင်ဗျားအလုပ်ပြုတ်သွားရုံတင်မကဘူး ကျုပ်တို့အလုပ်တွေပါ ပြုတ်ကုန်လိမ့်မယ်"တဲ့။ ဒါပေမဲ့ ပြောချင်ဆိုချင်စိတ်ရှိတဲ့လူတစ်ယောက်ကိုတော့ သူက တွေ့ထားပါတယ်။ သူက အကြီးတန်းဆော့ဖ်ဝဲလ်အင်ဂျင်နီယာ 'ဟာရစ်ဘန်ဆဲ'ပါ။ အဘီရှက်ခ်ရဲ့ ကာယဉာဏစွမ်းအားကို ဟာရစ်က သဘောကျပေမဲ့ သူက စွန့်တော့ မစွန့်စားရဲပါဘူး။

"ကျွန်တော်က ပန်ဂျပ်ပြည်နယ်၊ မန်ဆာမြို့ကပါ"လို့ ဟာရစ်က ဆိုပါတယ်။

"ကျွန်တော် ဒီအလုပ်တွေအကြောင်း အလုံးစုံမသိပါဘူး"

ဒါပေမဲ့ အဘီလက်ရှ်က မန်ဆာက မဟုတ်ပါဘူး။ သူက 'Kozhikode' မြို့က ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်စိတ်ရှိတယ်။ နည်းပညာအရလဲ ကျွမ်းကျင်တဲ့လူဖြစ်တဲ့အပြင် အသစ်တစ်ခုခု စလုပ်ချင် ကိုင်ချင်စိတ်ရှိတဲ့လူလဲ ဖြစ်ပါတယ်။ အဘီရှက်ခ်ရဲ့ လုပ်ချင်ကိုင်ချင်စိတ်အဟုန်ဟာ မြေဆီမြေနှစ်ကောင်းတဲ့ မြေပေါ်မှာ ကျရောက်လာသလိုပါပဲ။ ၃ လလောက်ကြာပြီးတော့ ယူပိတ်နဲ့ Satyam အဖွဲ့သားတွေဟာ ဟိုက်ဒရာဘတ်ကို ပြန်သွားကြပါတယ်။ အဲဒီမှာ စိတ်ကူးစိတ်သန်းဆွေးနွေးပွဲတွေ လုပ်ကြပါတယ်။

Satyam ကုမ္ပဏီမှာအလုပ်လုပ်နေပြီး BIT Mesra တက္ကသိုလ်ကြီးက စီနီယာကျောင်းသားလဲဖြစ်တဲ့ 'ရီရှီတာရာ'က ဝင်ပါလာပါတယ်။ ၂၀၀၂ ဖေဖော်ဝါရီ... ဖေဖောကမ္ဘာ ဘောလုံးပွဲက လာပါတော့မယ်။ အဘီရှက်ခ်၊ အဘီလက်ရှ်၊ ရာဂျစ်နဲ့ ရီရှီတို့က IVR (Interactive Voice Response) အက်ပလီကေးရှင်းကို မိုဘိုင်းဖုန်းတွေမှာ ထည့်သွင်းနိုင်ဖို့ ဖြစ်နိုင်ခြေတွေကို ဆွေးနွေးခဲ့ကြပါတယ်။ သတင်းတွေက ကစားသမားအကြောင်းတွေ မိုဘိုင်းဖုန်း



mgyoe.com

mgyoe.com SAMPLE BOOK

ကနေရဖို့အတွက် တီထွင်ထားတဲ့ အက်ပလီကေးရှင်းပါ။ နောက်တစ်ဆင့်က IVR အခြေခံတဲ့ ဘဏ်လုပ်ငန်းအက်ပလီကေးရှင်းကို တီထွင်ဖို့ပဲ ဖြစ်ပါတယ်။

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီမှာ အဘီရှက်ခ်၊ အဘီလက်ရှ်နဲ့ ရာဂျစ်တို့က Jaipur မြို့ကို ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ အဘီရှက်ခ်က Shyam တယ်လီကွန်းကုမ္ပဏီက အလုပ်တချို့တစ်ဝက် ရနိုင်ခြေရှိမရှိ စူးစမ်းလေ့လာဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ Hexa com မှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ Satyam ကုမ္ပဏီက သူ့အထက်အရာရှိတွေကြားမှာ သူ့ရဲ့လုပ်ငန်းရှင်ဖြစ်ချင်တဲ့စိတ် ပြင်းပြတဲ့သတင်းကို ပြန့်ပြန့်ကြားနေရတဲ့အတွက် အမေရိကမှာ ကုမ္ပဏီလေးတစ်ခုစဖို့ စဉ်းစားနေတဲ့မိတ်ဆွေတစ်ယောက် ကိုယ်စား တောင်းဆိုဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူက လက်ကမ်းစာစောင်တောင် လုပ်ပြီးပါပြီ။ ဒါပေမဲ့ ကမ္ဘာတစ်ဝက်လောက် ခြားနားနေတဲ့နေရာက လူတစ်ယောက်လို ဟန်ဆောင်နေတာက သိပ်ခရီးမရောက်ခဲ့တာကို သဘောပေါက်ခဲ့ပါတယ်။

Satyam အဖွဲ့အစနေနဲ့ ဟိုက်ဒရာဘတ်ကို ပြန်လာဖို့ အချိန်တန်ပါပြီ။ အဲဒီအချိန်မှာ အဘီရှက်ခ်က သူ့အခြေအနေမှန်ကိုဖွင့်ပြဖို့ ဆုံးဖြတ်လိုက်ပါတယ်။ Client Manager တစ်ယောက်ဖြစ်တဲ့ အဂျေးဆက်ယာသီကို သူဟာ အနေဝေးတဲ့မိတ်ဆွေတွေ မဟုတ်တဲ့အလျောက် အဘီလက်ရှ်နဲ့အတူ ကုမ္ပဏီတစ်ခုစဖို့ စီစဉ်နေတဲ့အကြောင်း ပြောပြလိုက်ပါတယ်။

Shyam တယ်လီကွန်းကုမ္ပဏီက အလုပ်တချို့တစ်ဝက် ပေးချင်ပါ့မလား။ အဘီရှက်ခ်ကလဲ အဂျေးကို သူ့အစီအစဉ်တွေအကြောင်း Satyam ကုမ္ပဏီက ဘယ်သူ့ကိုမှ မပြောဖို့ ပြောခဲ့ရပါတယ်။ အဂျေးက လိုလိုလားလား လက်ခံပါတယ်။ နောက်ပိုင်း ၃-၄ လကြာကာလအတွင်း အကြောင်းတစ်ခုပြီးတစ်ခုပြပြီး ခွင့်ယူ၊ နောက်ပြီး ပရောဂျက်ကို ဆက်ပြီးတွန်းဖို့ Jaipur ကို မကြာမကြာ ပြန်လာခဲ့ပါတယ်။

''သူငယ်ချင်းတွေဆိုတာက တစ်ယောက်ရဲ့အိပ်မက်တွေအပေါ် တစ်ယောက်က သနားကြင်နာ နားလည်ပေးကြတဲ့လူတွေဖြစ်တယ်''လို့ အတွေးအခေါ်ပညာရှင်ကြီးတစ်ဦးက ပြောပါတယ်။ ရည်ရွယ်ချက်က အားကောင်းလာတော့ အလုပ်တွေဟာ မြန်မြန်ဆန်ဆန် ပြီးလာပါတော့တယ်။ Satyam ကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့အချိန်အတွင်းမှာပဲ အဘီရှက်ခ်ဟာ သူ့အဖေရဲ့မိတ်ဆွေ-လိုင်စင်ရစာရင်းကိုင်တစ်ဦးဖြစ်တဲ့သူရဲ့ ကူညီမှုနဲ့ ကုမ္ပဏီတစ်ခုကို မှတ်ပုံတင်ခဲ့ပါတယ်။ ကုမ္ပဏီကို '6d' လို့ နာမည်ပေးလိုက်ပါတယ်။


mgyoe.com

BIT Mesra ကျောင်းတော်ကြီးမှာတက်ခဲ့တုန်းက သူ့ရဲ့အဆောင်အခန်းနံပါတ် ဖြစ်ပါတယ်။ အဲဒီကျောင်းက အတန်းဖော်တစ်ယောက်က မှတ်ပုံတင်ကုန်ကျစရိတ်တွေ ပေးခဲ့ပါတယ်။ နောက်ထပ်မိတ်ဆွေတစ်ယောက်က မိုဘိုင်းဖုန်းလိုင်းရအောင် လုပ်ပေးခဲ့ပါတယ်။

ရာဂျစ်က အဘီရှက်ခ်ကို ဘယ်ဂျီယမ်အခြေစိုက် ဆော့ဖ်ဝဲလ်ကုမ္ပဏီဖြစ်တဲ့ Voxtron ကမိတ်ဆွေတစ်ယောက်နဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။ အဲဒီမိတ်ဆွေကတစ်ဆင့် 6d ကုမ္ပဏီက မိုဘိုင်းဖုန်း Protocol ကုတ်ဖြစ်တဲ့ SS7 အတွက် နမူနာကတ် ရရှိခဲ့ပါတယ်။ ပုံမှန်အားဖြင့် ရူပီး ၂၀၀,၀၀၀ လောက် ကုန်ကျစရိတ်ရှိပါတယ်။ (ကျပ်ငွေ ၂၆ သန်းလောက်နဲ့ ညီမျှပါတယ်။)

အဲဒီအချိန်မှာ အဘီရှက်ခ်နဲ့ အဘီလက်ရှ်က Satyam ကုမ္ပဏီမှာ ည ၇ နာရီအထိ အလုပ်လုပ်ပြီး ဟိုက်ဒရာဘတ်မြို့က အဘီရှက်ခ်နဲ့ အိပ်ခန်းတစ်ခန်းပဲရှိတဲ့ တိုက်ခန်းမှာ 6d ကုမ္ပဏီအတွက် မနက် ၃ နာရီအထိ ဆက်ပြီးအလုပ်လုပ်ပါတယ်။ အဲဒီအချိန်မှာ Shyam Telecom ကုမ္ပဏီကအလုပ်အပ်မယ်၊ မအပ်ဘူးဆိုတဲ့အခြေအနေ ကတိကဝတ်တွေ ဘာမှမရသေးပါဘူး။ အဲဒါကြောင့် သူတို့ဟာ အလုပ်ရနိုင်ခြေရှိတဲ့နေရာတွေကို ဆက်ပြီး စူးစမ်းရှာဖွေနေရဆဲ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ နေရာကပဲထိုင်ပြီးလုပ်ရတဲ့ ဝန်ဆောင်မှုလုပ်ငန်းလေးတွေ အကြံရပါတယ်။ အဲဒီအတွက် အက်ပလီကေးရှင်းကတော့ 'ရတနာသိုက်ရှာပုံတော်'တစ်ခုပါပဲ။ ရှာပုံတော်ဖွင့်တာက ဒေလီမှာရှိတဲ့ နှစ် ၈၀၀ သက်တမ်းရှိပြီဖြစ်တဲ့ ဗလီမျှော်စင် (Qutb Minat) ကစပြီး ကနေ့အချိန်မှာ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့ အခမ်းအနားတွေ ကျင်းပတဲ့ Red Fort ခံတပ်အထိ ဖြစ်ပါတယ်။ ရတနာသိုက်ရှာပုံတော်က အိန္ဒိယရဲ့ တယ်လီကွန်းဝန်ဆောင်မှုကို အဓိက ဦးဆောင်ပေးနေတဲ့ Airtel ကိုရောက်ပါတယ်။ ဒါပေမဲ့ အဲဒီအချိန်အခါက iPad မပေါ်သေးပါဘူး။ ရှိနေတဲ့အက်ပလီကေးရှင်းတွေအပေါ်မှာပဲ စိတ်ဝင်စားကြပါတယ်။

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၄ ရက်နေ့မှာတော့ အဘီရှက်ခ်က Satyam ကုမ္ပဏီမှာ စာတွေ တင်လိုက်ပါပြီ။ အဘီလက်ရှ်ကိုတော့ 6d ကုမ္ပဏီသစ်က ပထမဆုံးကန်ထရိုက် စရတဲ့အထိစောင့်ပြီးမှ နုတ်ထွက်ဖို့ပြောပါတယ်။ အဘီလက်ရှ်က လစာထဲက တော်တော်များများကို အိမ်ပြန်ပို့ပေးနေရတယ်ဆိုတာကိုသိနေတော့ သိပ်မစွန့်စားဖို့ အကြံပေးရ

mgyoe.com

mgyoe.com SAMPLE BOOK

ပါတယ်။ ဒါပေမဲ့ အဘီလက်ရှ်ကလဲ အဘီရှက်ခ်လိုပဲ စိတ်အားထက်သန်နေပြီး ဒီဇင်ဘာ ၆ ရက်မှာပဲ နုတ်ထွက်ခဲ့ပါတယ်။

နောက်တစ်နေ့မှာတော့ အဘီရှက်ခ်၊ အဘီလက်ရှ်နဲ့ မန်းနစ်တို့ ၃ ဦးသား ဒေလီက အဘီရှက်ခ်မိဘတွေရဲ့တိုက်ခန်းမှာ ဆုံကြပါတယ်။ ပထမညမှာ အဘီရှက်ခ်က သူ့အမေဆီ ဖုန်းခေါ်ခဲ့ပါသေးတယ်။

''အမေ၊ ကျွန်တော် မနက်ဖြန် ဒေလီကို ရောက်မယ် (ဒေလီက ဟိုက်ဒရာဘတ်ရဲ့ မြောက်ဘက် မိုင် ၉၀၀ လောက်မှာ ရှိပါတယ်။ လေယာဉ်နဲ့ဆို ၂ နာရီကျော် ကြာပါတယ်)။ အဲဒီမှာ ကျွန်တော့်သူငယ်ချင်း ၂ ယောက်၊ ၃ ယောက် ကျွန်တော်နဲ့အတူ အိမ်မှာနေမယ်''

အဲဒီ ၃ ယောက်ကို ထပ်ပြီးပူးပေါင်းလာသူက 'ဆောမြုထရိုင်ပါသီ' ဖြစ်ပါတယ်။ နောက်ထပ် ၃ – ၄ လလောက် အဘီရှက်ခ်က အမေဖြစ်သူကို အပူအမျိုးမျိုးကပ်ရပါတယ်။

''အမေ၊ ကျွန်တော့်မိတ်ဆွေ ဆောမြုက ဒေလီရဲ့အအေးဒဏ်ကို သိပ်မကြုံဖူးဘူး။ သူတို့ ဒီအအေးဒဏ်ကို တော်တော်ခံနေရတယ်။ အတွင်းခံ၊ အနွေးထည်တွေ လိုတယ် အမေ''

အဘီရှက်ခ်ရဲ့အမေက ထွက်ပြီးရှာဝယ်ပေးရပါတယ်။ အဖေလုပ်သူကတော့ နိုင်ငံခြားခရီးက ပြန်လာပါတယ်။ လေကာအပေါ်အင်္ကျီတွေပါလာတော့ ချက်ချင်း အသုံးဝင်သွားပါတယ်။

''အမေ၊ အဘီလက်ရှ် ဟိုက်ဒရာဘတ်ကို ဒီစနေကျ သွားရမယ်''

အမေက လေယာဉ်လက်မှတ် ချက်ချင်းရအောင်လုပ်ပေးလိုက်ပါတယ်။

''အမေ၊ သားသူငယ်ချင်းတွေ ဒီမှာမနေတော့ဘူး၊ ပြောင်းတော့မယ်''

တစ်နေ့ည အဘီရှက်ခ်က ကြေညာလိုက်ပါတယ်။ အမေလုပ်သူက သက်ပြင်းတောင်မချရသေးခင်မှာပဲ –

''အမေ၊ သားတို့ရဲ့ Noida က အခန်းမှာ သူတို့ကိုထားလို့ရမလား''

သူငယ်ချင်းတွေက မကြာသေးခင်ကမှ နေရာလွတ်သွားတဲ့ Noida ကအခန်းမှာ ပြောင်းနေလိုက်ကြပါပြီ။ အိမ်ခန်းခ မပေးရပါ။ လာနေကြတဲ့သူငယ်ချင်းတွေရဲ့ အခြေအနေကိုသိနေတော့ အခန်းငှားခကိုလဲ လပေါင်းတော်တော်ကြာအောင် မတောင်းခဲ့တော့ပါဘူး။ 6d ကုမ္ပဏီအနေနဲ့ အလုပ်တွေရပြီး ငွေဝင်ရလာတဲ့အထိပါပဲ။


mgyoe.com

"အမေ၊ ကျွန်တော့်ဘန်ဂလိုရုံးက လည်ပတ်နေပြီ။ အမေလောကြည့်ကို ကြည့်ရမယ်။ ဒါပေမဲ့ သိပ်ပြီးတော့ပူတယ်"

အမေက ဒေလီကနေ အဲကွန်းစက် ၂ လုံး ဘန်ဂလိုရုံးအတွက် ပို့ပေးလိုက်ပါပြီ။ အဖေလုပ်သူကိုတော့ အဘိရှက်ခ်က တိုက်ရိုက်တောင်းတာ၊ အပူကပ်တာ လုပ်လေ့မရှိပါဘူး။ ဒါပေမဲ့ သူက နောက်ကွယ်ကနေ လိုအပ်တဲ့အကူအညီတွေအားလုံးပေးနေတဲ့ အားကိုးအားထားပါပဲ။ တစ်ခါတစ်ခါတော့ သူ့ဇနီးသည်က အသေးစိတ်ပေးမသိတော့ပါဘူး။ သူ့သားကြီးအတွက် အပူတွေ၊ စိုးရိမ်စရာတွေ မရစေချင်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အိန္ဒိယအုပ်ချုပ်ရေးဝန်ထမ်းအလုပ်ကနေ နားပြီးနောက်ပိုင်း အတိုင်ပင်ခံပုဂ္ဂိုလ်တစ်ယောက်၊ အုပ်ချုပ်ရေးမှူးတစ်ယောက် လွတ်လွတ်လပ်လပ်ဖြစ်ဖို့အတွက် သူက နမူနာပေးထားတာ ဖြစ်ပါတယ်။

ကလေးတွေရဲ့ သက်မွေးအလုပ်တွေနဲ့ပတ်သက်ပြီး မိဘနှစ်ပါးလုံးက လွတ်လပ်ခွင့် ပေးထားကြပါတယ်။ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ကတော့ အဘိရှက်ခ်အပေါ် သည်းခံပေးတာတော့ လျော့လာပါတယ်။ ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီမှာ အဘိရှက်ခ်က ဂုဏ်ယူဝံ့ကြွားစွာနဲ့ ချက်လက်မှတ်ကို ထုတ်ကြွားလာတာကြောင့်တော့ မဟုတ်ပါဘူး။

Shyam တယ်လီကွန်းနဲ့ ပြောတာ ဆိုတာက ဆက်လုပ်နေပါတယ်။ အဘိရှက်ခ် သင်ခန်းစာရလိုက်တာက ပထမဆုံးအနေနဲ့ လုပ်ငန်းရှင်တစ်ယောက်ဟာ အတ္တစိတ်ကို လျှော့ချပစ်ရမယ်ဆိုတာပဲ ဖြစ်ပါတယ်။ အဘိရှက်ခ်ဟာ Shyam ကုမ္ပဏီဥက္ကဋ္ဌ ရာဂျစ်ရဲ့သား ယူဒစ်ရဲ့ရုံးခန်းရှေ့မှာ နာရီပေါင်းများစွာ စောင့်နေခဲ့ရပါတယ်။ မကြာခဏ ဆိုသလို 'ယူဒစ်အပြင်ထွက်သွားပါတယ်'လို့ ပြောလွှတ်တာခံရလေ့ရှိပါတယ်။ နောက်ဆုံးမှာတော့ မျှော်လင့်မထားတဲ့အလုပ်တစ်ခုကို ယူဒစ်က အဘိရှက်ခ်ကို တောင်းဆိုလိုက်ပါတယ်။ CDMA ဖုန်းတွေ SMS စာတန်းတိုပို့နိုင်ဖို့ စင်တာတွေဆောက်ပေးနိုင်မလား ဆိုပြီး မေးလိုက်တာဖြစ်ပါတယ်။ အဲဒီအချိန်အထိ SMS ဝန်ဆောင်မှုက GSM ဖုန်းတွေမှာပဲ ရပြီး CDMA ဖုန်းတွေမှာ မရသေးပါဘူး။

အဲဒီအတွက် ရူပီး သိန်း ၄၀ တန်စာချုပ် ချုပ်ဖြစ်ခဲ့ပါတယ် (မြန်မာငွေကျပ် သိန်း ၁၀၀၀ ကျော်)။ ၃ နှစ်ကြာပြီး ဒုက္ခသုက္ခတွေကြားထဲကနေ bhoolnazaana.com ဖြစ်လာခဲ့ပါတယ်။ အဘိရှက်ခ်နဲ့ 6d က ခရီးလမ်းပေါ် လျှောက်လှမ်းနေကြပါပြီ။

❑



mgyoe.com

mgyoe.com SAMPLE BOOK

## ပထမဆုံးအရည်အသွေး

စွန့်စားတီထွင်တဲ့ လုပ်ငန်းစွမ်းဆောင်ရှင်ဘဝ ရောက်ရှိသွားတဲ့ အဘိုးရှက်ခ်ရဲ့ စွန့်စားခန်းကို အံ့ဩမဆုံးနိုင်တော့ပါဘူး။

စားပွဲထိုးလေးရောက်လာပြီး မူးဂျင်ကို နောက်တစ်ပက်ထပ်ဖြည့်ပေးသွားပါတယ်။

''မူးဂျင်၊ စွန့်စားတီထွင်စိတ်ရှိတဲ့ လုပ်ငန်းရှင်တစ်ယောက်အတွက် ပထမဆုံး ဘာစလုပ်ရမလဲ''

ကျွန်တော်က မေးခွန်းထုတ်လိုက်ပါတယ်။

မူးဂျင်က ပြုံးပြီး ဝီစကီခွက်ကို လှမ်းယူလိုက်ပါတယ်။ နည်းနည်းမော့လိုက်ပြီး လည်ချောင်းရှင်းလိုက်ပါတယ်။

''ကမ္ဘာကြီးရှင်သန်နေတာ ကာလအတော်ကြာနေပြီ။ နှစ်သန်းပေါင်း ထောင်ပေါင်းများစွာပဲ။ ဒီလိုရှင်သန်နိုင်တာက သူ့မှာ လျှို့ဝှက်ချက်တွေကို ကောင်းကောင်း ထိန်းသိမ်းထားနိုင်လို့ပဲ ဖြစ်တယ်။ လျှို့ဝှက်ချက်တစ်ခုထဲမှာ နောက်တစ်ခုက ဘယ်တော့မှ မပြီးဆုံးတော့တဲ့ အသိုက်ပုံစံလို ဖြစ်နေတာပဲ''

''အသိုက်ပုံစံဆိုတာ ဘာလဲ''

ကျွန်တော်က မေးလိုက်ပါတယ်။

''ကျွန်တော်ဆိုလိုတာက အရာရာဟာ တစ်ခုနဲ့တစ်ခု အသိုက်လိုရောထွေး ဆက်စပ်နေတယ်။ အဲဒါကြောင့် တစ်ခုခုကိုပဲ ရွေးပြီးဆွဲထုတ်ဖို့ ကြိုးစားလို့မရနိုင်ဘူး''လို့ မူးဂျင်က ဖြေလိုက်ပါတယ်။

ဒါကို ကျွန်တော် သဘောပေါက်ပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ တက္ကသိုလ် တုန်းက ဥဖောက်စက် (အန္တေးဓာတ်သေတ္တာ) တည်ဆောက်တဲ့အခါမှာ ဗျူရိုကရေစီစနစ်ရဲ့ အခက်အခဲအမျိုးမျိုးကို ကြုံတွေ့ကျော်ဖြတ်ခဲ့ရတော့ ဒီလိုအသိုက်ပုံစံရဲ့ စိန်ခေါ်မှုတွေကို ကောင်းကောင်း သဘောပေါက်ခဲ့ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

မူးဂျင်ပြောတာကို စောင့်ပြီးနားထောင်နေပါတယ်။ မူးဂျင်နဲ့ပတ်သက်ပြီး သင်ခန်းစာရတာက သူဟာ တစ်ခုခုဆိုရင် အဖြေကို ဘယ်တော့မှ တိုက်ရိုက်ပြောလေ့ မရှိပါဘူး။ ဒါပေမဲ့ အချိန်ပေးရင်တော့ အဖြေက ထွက်လာစမြဲပါ။

အဖြေက ရှင်းရှင်းလင်းလင်းပါ။

မူးဂျင်က –

"ကမ္ဘာကြီးဖြစ်တည်နေတာက ကြာလှပြီ။ သူ့ဆီမှာ အတ္တစိတ်ရှိတယ်။ လူပဲ ဖြစ်ဖြစ်၊ သက်ရှိသတ္တဝါတစ်ကောင်ပဲဖြစ်ဖြစ် ဘယ်သူမဆို အတ္တစိတ်ရှိတော့ သူတို့ဟာ အပြောင်းအလဲလုပ်ဖို့ မလိုဘူးလို့ ထင်ကြပါတယ်"

"စွန့်စွန့်စားစား လုပ်ချင်စိတ်ရှိတဲ့ လုပ်ငန်းရှင်ဆိုတာက ဘာပဲလာလာ လောက ကြီးကို မားမားမတ်မတ် ရင်ဆိုင်မှတ်ကျောက်အတင်ခံနိုင်တာ ဖြစ်တယ်"

နောက်ပြီး သူက ဆက်ပါတယ်။

"ကျွန်တော်က ခင်ဗျားရဲ့အနှစ်သာရကို သိနိုင်တယ်။ ခင်ဗျားရဲ့ ခံစားမှုရသကို ပြောင်းပစ်မယ်"။ နောက်ပြီး ဒါတင်မကပါဘူး၊ တကယ့်လုပ်ငန်းရှင်ဟာ အပေါ်ယံ အပြောင်းအလဲတွေလောက်နဲ့ပဲ ရပ်မပစ်ပါဘူး။ အခြေခံဖောင်ဒေးရှင်းတွေ၊ ရောမ အဆောက်အဦတွေကိုပါ ပြောင်းပစ်တဲ့ လူစားမျိုးတွေဖြစ်တယ်။ လောကကြီးကတော့ ဒါမျိုးကို မကြိုက်ဘူး"

"ဒါကြောင့် စွန့်စားတီထွင်လုပ်ငန်းရှင်တစ်ယောက်ရဲ့ ပထမဆုံး အရည် အသွေးက ရဲရင့်မှုပဲ ဖြစ်တယ်။ သတ္တိရှိတာဖြစ်တယ်။ လူတိုင်းဟာ အိုင်တီနဲ့ပတ်သက်ရင် ဝန်ဆောင်မှုကိုပဲ အာရုံစိုက်နေတဲ့အခါမှာ အဘီရုက်ခ်နဲ့ အဘီလက်ရှ်တို့က ဆော့ဖ်ဝဲလ် ထုတ်လုပ်တဲ့ကုမ္ပဏီ ထူထောင်နိုင်တယ်ဆိုတာကို ယုံကြည်မှုရှိဖို့အတွက် သတ္တိရှိရမှာ ဖြစ်ပါတယ်"

ကျွန်တော်က ခဏရပ်ပြီး စဉ်းစားလိုက်ပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ သတ္တိဆိုတာ လက်ခံဖို့က အသစ်အဆန်းပါပဲ။ ကိုယ့်ကိုယ်ကိုယ် ရှက်သလို၊ ကြောက်သလို ထင်နေတဲ့ လူတစ်ယောက်အဖို့ လုပ်ငန်းရှင်တစ်ယောက်ရဲ့ ထိပ်ဆုံးကအရည်အသွေးကို သတ္တိဆိုတာရှာတွေ့ဖို့ဆိုတာကို မသိစိတ်ကနေ သိပ်မကျေနပ် ခဲ့ပါဘူး။


mgyoe.com

mgyoe.com SAMPLE BOOK

''ဒါပေမဲ့ အဘီရှက်ခ်လို ရဲရင့်တဲ့လူတောင် မက်ခ်လာကို ချစ်ရေးဆိုတဲ့အခါမှာ ကတုန်ကယင်နဲ့ ကိုယ့်ကိုယ်ကိုယ် သိပ်ပြီး စိတ်မချတာမျိုး ဖြစ်ပါတယ်''

ကျွန်တော်က ကန့်ကွက်လိုက်ပါတယ်။

မူးဂျင်က ရယ်မောပြီးတော့ . . .

''အဘီရှက်ခ်ဟာ နှလုံးသားနဲ့ပတ်သက်ပြီး အကြမ်းဆုံးစမ်းသပ်ခံလိုက်ရတဲ့ အခြေအနေကို ရောက်ခဲ့တာ''လို့ သူက ပြောလိုက်ပါတယ်။

''ဒါပေမဲ့ တကယ်တမ်း ပြောရရင် သတ္တိဆိုတာမျိုးဟာ ကြောက်စိတ်မရှိတာ မဟုတ်ဘူး။ ကြောက်စိတ်ဖြစ်နေတဲ့အချိန်မှာ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းဖြစ်တယ်။ ကြောက်စိတ်ကို ကျော်ဖြတ်တာဖြစ်တယ်။ ကြောက်စိတ်ကို သတ်ပစ်တာမဟုတ်ဘူး''

''သတ္တိရဲ့လက္ခဏာတွေက ဘာတွေလဲ'' လို့ ကျွန်တော်က မေးလိုက်ပါတယ်။

''ခင်ဗျားရဲ့ရန်သူတွေကို ချီးမွမ်းနိုင်တဲ့အရည်အချင်း၊ တခြားလူတွေ ဝမ်းသာစေချင်တဲ့ဆန္ဒ၊ မျှတမှုရှိဖို့ ကပ်စေးနဲတဲ့ အတွေးအခေါ်တွေ မရှိဖို့ဆိုတဲ့ အရည်အချင်းတွေ ဖြစ်တယ်''

မူးဂျင်က ပြုံးနေပါပြီ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ခေါင်းရှုပ်လာပြီ ဆိုတာကို သူသိနေလို့ပဲ ဖြစ်ပါတယ်။

''ဒီကိစ္စတွေနဲ့ သတ္တိနဲ့က ဘာဆိုင်လို့လဲ''

ကျွန်တော်က ခပ်ပြင်းပြင်းလေး မေးခွန်းထုတ်လိုက်ပါတယ်။

''ပထမနှစ်ချက်လုံးက ရက်ရောတာတွေနဲ့ပဲ ပိုဆိုင်တယ်လေ''

''အား . . . ခင်ဗျားက 'အသိုက်အမြုံ'ဆိုတဲ့အချက်ကို မေ့နေတာ''

''လောကမှာ တခြားအရာတွေအားလုံးကို ထည့်မပြောဘဲ အရည်အသွေး တစ်ခုတည်းကိုပဲ ပြောပြဖို့ဆိုတာ မဖြစ်နိုင်ဘူး''

သရုပ်ဖော်ချက်တွေအားလုံးဟာ ကောင်းနေတယ်ဆိုရင် ထူးခြားဖြစ်စဉ်တွေ အားလုံး၊ အဖြစ်အပျက်တွေအားလုံး၊ အရည်အသွေးတွေအားလုံးကနေ ရှန်းကန်ထွက်လာတဲ့ ဗလာသက်သက်ဆီကို ညွှန်ပြနေတဲ့ အသေးစိတ် သင်္ကေတတွေပဲ ဖြစ်တယ်။


mgyoe.com

mgyoe.com
SAMPLE BOOK

''အိုး . . . ဒါဆိုရင် ဇာတ်လမ်းကို ဆက်လိုက်ကြရင် မကောင်းဘူးလား''

''သေချာတာပေါ့''

မှူးဂျင်က ရယ်ရယ်မောမော ပြောလိုက်ပါတယ်။

''အဘီရှက်ခ်ရဲ့ အချစ်အကြောင်းပြောရအောင်''

❑


mgyoe.com

mgyoe.com SAMPLE BOOK

# မက်ဒ်လာ

## အမျိုးသမီးတစ်ဦး သွက်လက်လှုပ်ရှားလာ

မိဘနှစ်ပါးလက်ထပ်ပြီး ၁၅ နှစ်ကြာမှ မွေးဖွားလာတဲ့ မက်ဒ်လာဟာ ဘုရားဆုတောင်းပြည့်တယ်ဆိုရမှာ ဖြစ်ပါတယ်။ မမြင်နိုင်တဲ့အရာတွေအတွက် သက်သေဖြစ်တဲ့ အပြင် (မိုက်မှားမိခြင်းအတွက်) ဒဏ်ခတ်ခြင်းရဲ့အသီးအပွင့်လဲ ဖြစ်ပါတယ်။

မက်ဒ်လာကို မွေးတဲ့အချိန်မှာ အဖေဖြစ်သူရဲ့ စည်းစိမ်ဥစ္စာနဲ့ပတ်သက်ပြီး အလှည့်အပြောင်းတစ်ခုနဲ့လဲ တိုက်ဆိုင်နေပါသေးတယ်။ အတက်နေးတဲ့ အိန္ဒိယအစိုးရ ဝန်ထမ်းဘဝကနေ ကမ္ဘာ့ကုလသမဂ္ဂမှာ အလုပ်ရခဲ့ပါတယ်။

အမ်ပီစင်းဟာက သူ့လခထဲက အများအပြားကို ဘီဟားပြည်နယ်က သူ့မိဘတွေဆီ ပို့ပြီးထောက်ပံ့ခဲ့ရတော့ မက်ဒ်လာရဲ့ ငယ်ရွယ်တဲ့အချိန်တွေမှာ ငွေရေးကြေးရေး ကျပ်တည်းခဲ့ရပါတယ်။ သမီးအသက် ၆ နှစ်အရွယ်မှာတော့ အဖေဖြစ်သူဟာ နီပေါနိုင်ငံ ခေတ္တမန္တူမှာ တာဝန်ကျတဲ့အတွက် ချောင်လည်လာခဲ့ပါတယ်။

တစိုက်မတ်မတ် ကြိုးစားအားထုတ်မှု၊ ဆုံးဖြတ်ချက်ခိုင်မာမှု၊ အရည်အချင်း ပြည့်ဝမှုတွေကြောင့် မစ္စတာအမ်ပီစင်းဟာ မိဘကျောထောက်နောက်ခံမပြည့်စုံပေမဲ့ အဆင်ပြေအောင်မြင်တဲ့ အလုပ်အကိုင်တစ်ခု ခိုင်ခိုင်မာမာရရှိခဲ့ပါတယ်။ အိမ်မှာ၊ အလုပ်မှာ သူ ပြောဆိုဆက်ဆံဖြေရှင်းတာတွေဟာ ကျွမ်းကျင်လိမ္မာပြီး ဆုံးဖြတ်ချက်လဲ ပြတ်သားခဲ့ပါတယ်။ စည်းကမ်းကျနတဲ့အပြင် အသေးစိတ် စိစစ်မှုလဲရှိခဲ့ပါတယ်။ သူ့ရဲ့ တစ်ခုတည်း သောအားနည်းချက်က သူ့သမီးပါ။ သမီးနဲ့ပတ်သက်လာရင် သူ့ရဲ့စိတ်လှုပ်ရှားမှုက ရှေ့ဆုံးမှာရှိနေလေ့ရှိပါတယ်။

မက်ဒ်လာက သူဟာ အချစ်ခံရတဲ့ကလေးတစ်ယောက်ဆိုတာ သဘောပေါက်ပါတယ်။ ဒါပေမဲ့ အပြင်ထွက်တာ၊ သူငယ်ချင်းတွေနဲ့အချိန်ပေးတာ စတဲ့ကိစ္စတွေမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ချရေးပြမထားတဲ့စည်းကမ်းတွေကိုတော့ ဖောက်ဖျက်ပစ်ချင်နေပါတယ်။ လွတ်လွတ်လပ်လပ် သွားချင်လာချင်နေခဲ့ပါတယ်။

၁၉၈၀ ပြည့်နှစ်တွေကာလ နီပေါနိုင်ငံမြို့တော်မှာ ငြိမ်းငွေ့စရာ ဣန္ဒြေဆယ်ရတာမျိုးတွေကနေ လွတ်ရာကျွတ်ရာကို သွားချင်ခဲ့ပါတယ်။ သူက ပြင်ပလောကကြီးကို ထွက်ပြီး စူးစမ်းလေ့လာလိုစိတ် ရှိပါတယ်။ ဒါပေမဲ့ သူ ရင်ဆိုင်တွေ့ကြုံရတာက လွတ်လပ်မှုဆိုတာဟာ မိဘမေတ္တာနဲ့အတူ ချည်နှောင်ပြီးလာတာ မဟုတ်ပါဘူး။

အထက်တန်းကျောင်းပြီးလို့ စာမေးပွဲပြီးတဲ့အခါ အင်္ဂလိပ်စာလေ့လာဖို့ University of Surrey မှာ ဝင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ အမေလုပ်သူက သမီးကို နိုင်ငံခြားမလွှတ်ဖို့ စိတ်ပိုင်းဖြတ်ထားပါတယ်။ သမီးကို နိုင်ငံခြားလွှတ်လိုက်ရင် သူတို့ရဲ့ယဉ်ကျေးမှုတန်ဖိုးနဲ့ မိသားစုတွေကို ထာဝရစွန့်လွှတ်ရတော့မယ်ဆိုပြီး စိုးရိမ်ကြောင့်ကြနေခဲ့ပါတယ်။ အမေဖြစ်သူဟာ မဟာတန်းအောင်ပြီးပေမဲ့ ကြီးကျယ်ခမ်းနားဆိုးရွားတဲ့ အနောက်နိုင်ငံတွေအကြောင်းကို သဘောပေါက်ထားတာတွေက စွဲကပ်နေတုန်းပါ။

ဒီအချက်တစ်ခုတည်းနဲ့ အိမ်ကြီးရှင်မက သူ့စိတ်တိုင်းကျ စီမံခဲ့ပါတယ်။ ဒါနဲ့ မက်ခ်လာဟာ နယူးဒေလီမြို့က အမျိုးသမီးကျောင်းသူတွေသာလက်ခံတဲ့ Jesus and Mary College ကျောင်းမှာပဲ ပညာသင်ကြားခဲ့ရပါတယ်။ ဒါပေမဲ့ ဘဝဆိုတာက အတားအဆီးအတုအယောင်တွေကို ဖောက်ထွင်းနိုင်တဲ့ နည်းလမ်းတစ်ခုက ရှိစမြဲပါ။ ကောလိပ်ကျောင်းကစပြီး နောင်နှစ်တွေ တော်တော်ကြာကြာအထိ အရေးကြီး အခမ်းအနားတွေက မက်ခ်လာလိုချင်တဲ့ လွတ်လပ်မှုကို ရရှိစေပါတယ်။ Surrey မြို့မှာတော့ မဟုတ်ပါဘူး။ နယူးဒေလီနဲ့ ဂါဂါအွန်မြို့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ဖြစ်ပါတယ်။

ပထမက မက်ခ်လာရဲ့အမေ ရုတ်တရက် ကွယ်လွန်သွားခဲ့ပါတယ်။ တစ်နှစ်ပတ်လုံးမှာ ပျော်စရာအကောင်းဆုံးနေ့ဖြစ်တဲ့ ဒေဝါလီနေ့မှာဆိုးတာ မက်ခ်လာက သတိတရရှိနေတုန်းပါ။ မြို့တစ်မြို့လုံး မီးအိမ်တွေ ထောင်ပေါင်းများစွာ ထွန်းညှိထားပြီး မီးရှူးမီးပန်းတွေကလဲ ညဘက်ကောင်းကင်ယံမှာ တစ်စက္ကန့်မလပ်၊ တဖွဲဖွဲဖြစ်နေတဲ့အခါသမယမှာ မစွကင်မာနီစင်ဟာရဲ့ ဘဝနိဂုံးချုပ်ခဲ့ရပါတယ်။ အမျိုးသမီး ရုတ်တရက်သေဆုံးရတာဟာ အဖေဖြစ်သူအတွက် အရှိုက်ကို ထိုးနှက်ခံလိုက်ရသလိုပါပဲ။ အဖေဖြစ်သူဟာ သိသိသာသာကြီး မဟုတ်ပေမဲ့ ဇနီးဖြစ်သူအပေါ်ကို လုံးဝအားကိုးခဲ့ပါတယ်။ ဆုံးပြီး လပေါင်း

mgyoe.com

mgyoe.com SAMPLE BOOK

များစွာ မိန်းမောနေပြီး သူ့ကိုယ်သူလဲ ဂရုမစိုက်၊ မျှော်လင့်ချက်တွေအားလုံး ဆုံးရှုံးနေခဲ့ရပါတယ်။

ဆွေမျိုးတွေကလဲ နည်းနည်းပါးပါးလောက်ပဲ နှစ်သိမ့်ပေးနိုင်ပါတယ်။ အတွင်းစိတ်ကနေပဲ ပြောင်းလဲရမှာမို့လို့ အဲဒီအတိုင်းပဲ ပြောင်းလဲလာနိုင်ခဲ့ပါတယ်။ မက်ခ်လာက ရှင်သန်နိုးကြားလာပြီး သူတို့ရဲ့ဘဝတွေ ပုံမှန်ပြန်ဖြစ်ဖို့ ယတိပြတ်စိတ်ပိုင်းဖြတ် ထားလိုက်ပါတယ်။ အမေမဆုံးခင်က မက်ခ်လာဟာ အင်္ဂလန်က Surrey ကို မသွားရလို့ စိတ်ကောက်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့အမေဆုံးပြီးတဲ့နောက်မှာတော့ သူဟာ Surrey ကိုလဲ မသွားနိုင်သလို ဆုံးသွားတဲ့အမေကိုလဲ ပြန်ရှင်အောင်မလုပ်နိုင်တော့တာကို သဘောပေါက်ခဲ့ပါတယ်။ လက်ရှိအခြေအနေကိုပဲ အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ရှိပါတော့တယ်။

အဲဒီအချိန်မှာ မစ္စတာအလ်ပီစင်းဟာက ကုလသမဂ္ဂကနေ အနားယူပြီး HR အတိုင်ပင်ခံကုမ္ပဏီလေး စလုပ်နေပါပြီ။ နာမည်ကို 'Global Human Resource Development Corporation (GHRDC)' လို့ပေးထားပါတယ်။ မက်ခ်လာကလဲ သူ့အဖေကို ကုမ္ပဏီအသစ်မှာပဲ စိတ်ကိုနှစ်ထားဖို့ တိုက်တွန်းခဲ့ပါတယ်။

''အဖေ၊ မနက်ဆို ၈ နာရီ အိမ်ကအတူတူထွက်မယ်။ သမီးက ကောလိပ်ကို သွားမယ်၊ အဖေက အလုပ်ကိုသွား။ ကျောင်းပြီးရင် အဖေ့အလုပ်ထဲကို သမီးလာခဲ့မယ်''

''သမီးအတွက် အဖေ သက်ရှိထင်ရှားနေပေးရဦးမယ်လေ။ သမီး အိမ်ထောင်ကျတာ အဖေမြင်ကိုမြင်သွားရဦးမယ်''

မက်ခ်လာက အဖေဖြစ်သူကို ပြောပါတယ်။

ဒီလိုနဲ့ မက်ခ်လာဟာ ဘဝရဲ့တစ်ခုတည်းသော မူဝါဒဖြစ်တဲ့ 'ကြုံရာ အခက်အခဲကို ဖွဲ့နဲ့ ကြံ့ကြံ့ခံရင်ဆိုင်ရမယ်'ဆိုတဲ့စိတ် မွေးခဲ့ပါတယ်။

ကောလိပ်ကနေ ဘွဲ့ရပြီးတဲ့အခါ မက်ခ်လာဟာ MBA ဘွဲ့လွန်ပညာရေးကို လူ့စွမ်းအားအရင်းအမြစ် အထူးပြုဘာသာနဲ့ ပြီးစီးအောင်လုပ်နိုင်ခဲ့ပါတယ်။ MBA ပြီးတဲ့အခါ Fidelity Insurance မှာ တာဝန်ပေးခံရပါတယ်။ ဖခင်ဖြစ်သူရဲ့စိတ်ထဲမှာ အလိုချင်ဆုံးကတော့ သမီးအိမ်ထောင်ကျသွားတာကိုပါပဲ။ ဒီလိုနဲ့ သမီးနဲ့လိုက်ဖက်ပြီး သူသဘောကျတဲ့ အရည်အချင်းတွေဖြစ်တဲ့ စေ့စပ်သေချာမှု၊ သတိရှိမှု၊ ပြတ်ပြတ်သားသား သန္နိဋ္ဌာန်ချမှု စတာတွေရှိတဲ့လူကို ရှာပုံတော်ဖွင့်ရပါတော့တယ်။ အပတ်စဉ် သူအပ်ထားတဲ့


mgyoe.com